# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ အင်္ဂါနေ့၊ (1-11-2011) (၆၃၁၀)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

### အယ်လ်ဂျီးရီးယား သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၁

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒဲလ်အာဇိ(စ်) ဘူတဖလိကာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

### အယ်လ်ဂျီးရီးယား ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၁

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အာမက်အိုရာဟီယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

### ပြည်သူ့လွှတ်တော် (၄၃)ရက်မြောက်နေ့

**ပြည်သူ့လွှတ်တော် အစည်းအဝေး (၄၃)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**
(သတင်းစဉ်)



## ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

### နယ်စပ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသားပြည်သူအားလုံးက လိုလားသည့်ကိစ္စဖြစ် ယင်းကိစ္စကို နိုင်ငံတော်အစိုးရအနေဖြင့်ရော ပြည်သူ့လွှတ်တော်ကပါ အလေးအနက်ထား ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃၁

**ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၇၈)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ မေးခွန်း (၃)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၃)ခုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း အသိပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။**

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်၏ **နယ်စပ်ဒေသတည်ငြိမ်ဖွံ့ဖြိုးရေး**ဆိုင်ရာ မေးမြန်းချက်အပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နယ်စပ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသားပြည်သူအားလုံးက လိုလားသည့်ကိစ္စဖြစ်ပါကြောင်း၊ ယင်းကိစ္စကို နိုင်ငံတော်အစိုးရအနေဖြင့်ရော ပြည်သူ့လွှတ်တော်ကပါ အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်အနေဖြင့် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ ဖွဲ့စည်းပြီးနောက် လွှတ်တော်အပိုင်းက ဆောင်ရွက်နေသည်များ ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိဒေသတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် မိမိတို့ရှိစွမ်းရည်များ၊ ပြည်သူများ၏အားကိုရယူကာ မိမိဒေသရှိ ညီအစ်ကိုတိုင်းရင်းသားလက်နက်ကိုင်များသိရှိအောင် ပြောကြားကြပြီး လိုအပ်ချက်၊ တင်ပြချက်များရှိပါက လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်သို့လည်းကောင်း၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီသို့ လည်းကောင်း အကြံပြု၊ မေးမြန်း၊ ဆွေးနွေးတင်ပြနိုင်ပါကြောင်း၊ ယခု ပြည်ထောင်စုဝန်ကြီးရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိနယ်မြေဒေသသို့ရောက်ရှိပါက အခြေအနေမှန်များကို ရှင်းလင်းတင်ပြပေးရန်လိုပါကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

**မေးခွန်းများမေးမြန်းခြင်းကဏ္ဍ**တွင် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက နယ်စပ်ရေးရာကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခုကို မေးမြန်းခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ပြန်လည်ဖြေကြားသည်။

မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း(ခ) ဦးအင်ထုဖုန်ဆန်း၏ **၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)သို့ တက်ရောက်ရန် မချမ်းဘောမြို့နယ်မှ ကျောင်းသားသစ်(၅)ဦး စေလွှတ်ခဲ့ရာ ပြည်နယ်အဆင့်၌ (၂)ဦးအပယ်ခံရပြီး (၃)ဦးမှာ ယင်းကောလိပ်သို့ရောက်ရှိပြီးမှ ကျောင်းတက်ရောက်ခွင့် မရရှိခဲ့သဖြင့် မည်သည့်အတွက်ကြောင့် တက်ရောက်ခွင့်မရရှိသည်၊ နောင်နှစ်များတွင်လည်း အဆိုပါဒီဂရီကောလိပ်သို့ ဝေးလံခက်ခဲသော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ တက်ရောက်သင်ကြားနိုင်ရန် အခွင့်အလမ်း ရှိ/မရှိတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များ ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် ကျောင်းသားရွေးချယ်မှု **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ကြေးမုံစာတည်းရှုထောင့် ၁-၁၁-၂၀၁၁ [အင်္ဂါနေ့]။

# ဝေါဟာရများအပေါ် ငြင်းခုံခြင်း

မှတ်သုံမိုးကား ဆုတ်ခွာသွားခဲ့ချေပြီ။

ဤအခါသမယသည် မိုးလည်းမမည်၊ ဆောင်းမပီသေးသည့်တိုင် ရာသီ၏ အကူးအပြောင်းကိုမူ ထိသိတွေ့မြင် ပြက်ပြက်ထင်ထင်ခံစားကြရပါသည်။ ပြောင်းလဲမှုဖြစ်စဉ်သည် တရွေ့ရွေ့နှင့် ညင်ညင်သာသာ။

ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် ဆန့်ကျင်ဘက်တို့၏ ပဋိပက္ခဇာတ်လမ်းများ ဘီလူးဆိုင်းတီးကာ ပရမ်းပတာကပြနေကြချိန်တွင် မြန်မာ့နိုင်ငံရေး၏ မိုးကောင်းကင်မှာ တိမ်မျှင်တိမ်စအချို့ ရှိနေသေးသည့်တိုင် ရှင်းသန့်ကြည်လင်စွာ လှပလာခဲ့ပြီဟု ခံစားမိပါသည်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော လောကပါလတရားတို့ ထွန်းကားသည့် မြန်မာ့မြေပေါ်တွင် ဒီမိုကရေစီကျင့်စဉ်တို့မှာလည်း ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်တို့နှင့်အတူ သိမ်မွေ့ညင်သာချောမွေ့စွာ။ သို့သော် ပီပြင်ထင်ရှားပေါ်လွင်စွာ ဖြစ်ထွန်းလာခဲ့ပြီဟု ဆိုနိုင်ကောင်းသည့် အခြေသို့ ရောက်လာခဲ့ပြီဖြစ်ပါသည်။

တစ်ချိန်က သာမန်ရပ်သူရွာသားတို့အဖို့ "နိုင်ငံရေး"ဟု ဆိုလျှင် "ဝေရာမဏီ" ဟုဆိုကာ ဝေးစွာရှောင်ကြဉ်ရမည့် အရေးအရာကိစ္စတစ်ခုသဖွယ် အယူရှိခဲ့ကြရာမှ ယခုအခါ နိုင်ငံရေးသည် အုပ်ချုပ်သူတို့၏ အရေးသက်သက်သာမဟုတ်၊ မိမိတို့၏အရေးလည်းဖြစ်သည်ဟု ခံယူလာနိုင်ခဲ့ကြပေပြီ။

ဒီမိုကရေစီသက်ဝင်ရှင်သန်လာသည်နှင့်အမျှ ဒီမိုကရေစီခေတ်၏ "အစိုးရ" နှင့် "ပြည်သူ"ဟူသော ဝေါဟာရတို့အပေါ် အနက်အဓိပ္ပာယ်ဖွင့်ကာ စောကြောဝေဖန်မှုများ ပြုလာကြသည်ကိုပင် တွေ့မြင်နေကြရပြီဖြစ်ပါသည်။ အထူးအားဖြင့် ဒီမိုကရေစီခေတ်တွင် "အစိုးရနှင့်ပြည်သူ"ကို "မိဘနှင့် သားသမီး"အဖြစ် ဥပမာပေး ထပ်တူပြုလျှင် မည်သူက မိဘ၊ မည်သူကသားသမီးဖြစ်သည်ဟူ၍ စောကြောဝေဖန်ကြခြင်း ဖြစ်ပါသည်။ အချို့ကလည်း အုပ်ချုပ်သူအစိုးရသည် မိဘသဖွယ်ဖြစ်၍ နိုင်ငံသူ၊ နိုင်ငံသားတို့အပေါ် ရင်မှဖြစ်သော သားသမီးသဖွယ် ပြုစုစောင့်ရှောက်ရမည်ဟု ခံယူကြပြီး အချို့ကမူ အာဏာ၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူသည်သာ အခရာဖြစ်၍ပြည်သူက အပ်နှင်းသောအာဏာကို စွဲကိုင်ကျင့်သုံးသည့် အစိုးရက ပြည်သူကို အလုပ်အကျွေးပြုရမည်ဟု ခံယူကြသည်ဟု ဆိုပါသည်။

အထက်ဖော်ပြပါ အဆိုတို့အနက် မည်သည်က မှန်၍ မည်သည်က မှားပါသနည်းဟု မေးလာသည်ဆိုငြားအံ့။ မိမိတို့(ကြေးမုံ)အနေဖြင့်မူ ဝေါဟာရအဓိပ္ပာယ်တို့ထက် လက်တွေ့ရလဒ်ကိုသာ ကြည့်လိုလှသည်ဟု လွတ်လပ်သော အတွေးအမြင်ဖြင့် ဖြေဆိုချင်ပါသည်။

စင်စစ်အားဖြင့် အစိုးရနှင့်ပြည်သူဆိုသည်မှာ ကွန်ပျူတာတစ်လုံး၏ အမာထည်(hardware)နှင့် အပျော့ထည် (software)ကဲ့သို့လည်းကောင်း၊ ကားတစ်စီး၏ ကိုယ်ထည်(body)နှင့် စက်(engine)ကဲ့သို့လည်းကောင်း သီးခြားစီ ခွဲခြား၍မရစကောင်းသော အရာများဖြစ်ပါသည်။ တစ်ခုခုမပါဘဲ ကျန်တစ်ခုတည်းနှင့် အရာမရောက်၊ ခရီးမပေါက်နိုင်။

မှန်ကန်သောစေတနာ၊ ဉာဏ်ရွေ့သွားသော ဝီရိယတို့ဖြင့် အုပ်ချုပ်သူရော ပြည်သူတို့ပါ နိုင်ငံ့အရေး၊ ပြည်အရေးကို စိတ်ဝမ်းညီစွာ ဆောင်ရွက်ကြရန်သာ လိုရင်းဖြစ်သည်ဟု ဆိုရပါမည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် မလေးရှားနိုင်ငံဧည့်သည်အဖွဲ့ တွေ့ဆုံ လျှပ်စစ်စွမ်းအားကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၁**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား မလေးရှားနိုင်ငံ Toshiba Transmission & Distribution System Asia Sdn Bhd Managing Director, Mr. Yong Ah Huat နှင့်အဖွဲ့သည် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လျှပ်စစ်စွမ်းအားကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးခင်မောင်အေး ငါးလုပ်ငန်းဦးစီးဌာန အနုစိတ်သရုပ်ခွဲခြင်းဆိုင်ရာဓာတ်ခွဲခန်း ကြည့်ရှု

**ရန်ကုန် အောက်တိုဘာ ၃၁**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန အနုစိတ်သရုပ်ခွဲခြင်းဆိုင်ရာ ဓာတ်ခွဲခန်းများဌာနစုသို့ ရောက်ရှိပြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မျိုးဝင်း၊ ညွှန်ကြားရေးမှူးများ၊ ငါးလုပ်ငန်းအရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်းဝန်ထမ်းများ၊ ငါးရောဂါဌာန ဝန်ထမ်းများနှင့်တွေ့ဆုံကာ ပဋိဇီဝဓာတ်ကြွင်းနှင့် ဗိုင်းရပ်စ်ပိုးစစ်ဆေးရေး ဓာတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါးပြတိုက် မွေးမြူရေးနှင့် ရေလုပ်ငန်းပြခန်းသို့ ရောက်ရှိပြီး လက်ရှိအခြေအနေ ပြကွင်းပြကွက်မှတ်တမ်းဓာတ်ပုံများ ထပ်မံဖြည့်စွက်ထည့်သွင်းပြသရေး ဆွေးနွေးမှာကြားကာ နိုင်ငံခြားဧည့်သည်များ၏ ပြကွင်းပြကွက်မှတ်တမ်းဓာတ်ပုံများအား ပိုမိုစိတ်ဝင်စားမှုရှိစေရန် Audio Media များ ထပ်မံဖြည့်သွင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဒသမအကြိမ် ညီလာခံကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ ဒသမအကြိမ်ညီလာခံကို နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်အသင်းဥက္ကဋ္ဌများထံ ကြိုတင်သတင်းပေးပို့ဖိတ်ကြားထားပြီးဖြစ်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အသင်းများမှ ညီလာခံကိုယ်စားလှယ်နှင့် လေ့လာသူများသည် အင်းစိန်မြို့နယ် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (ဗဟို) တီဘီဆေးရုံလမ်း အောင်ဆန်း(သို့မဟုတ်) Central Hotel သို့ နိုဝင်ဘာ ၁၇ ရက် ညနေ ၅ နာရီ နောက်ဆုံးထားသတင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၁-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၄၇၅၀ | ၀. ၀၃၂၈၁ |
| တရုတ် (ယွမ်) | ၆. ၃၅၆၂၀ | ၀. ၁၅၇၃၃ |
| အိန္ဒိယ (ရူပီး) | ၄၈. ၆၇၀၀ | ၀. ၀၂၀၅၅ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၆၉၅၀ | ၀. ၃၂၅၇၉ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၉၁၅ | ၀. ၈၀၀၅၄ |
| ဂျပန် (ယန်း) | ၇၈. ၀၀၄၆ | ၀. ၀၁၂၈၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၀၉. ၄၄ | ၀. ၀၀၀၉၀ |
| ယူရို | ၀. ၇၀၄၀၁ | ၁. ၄၂၀၀၅ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၃၄၉ | ၁. ၆၀၃၈၈ |

*အင်တာနက်။*

## မန္တလေးကုန်စည်ဈေးနှုန်း

(၃၁-၁၀-၂၀၁၁)

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ (အဆင့်-၁) | ၇၃၀၀၀၀ |
| အခေါက်ရွှေ (အဆင့်-၂) | ၇၂၉၀၀၀ |
| ရွှေဒင်္ဂါး (ရွှေရည်မီ) | ၆၅၆၀၀၀ |

**ဆန်ဈေး**

(လမ်း ၃၀ ထုံးဘူးတန်းဆန်ဈေး)

သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၅၀၀၀ |
| ရွှေဘိုမနော် | ၂၆၀၀၀ |
| မဂျမ်းတော | ၂၈၀၀၀ |
| စောရှုပ် (ဟောင်း) | ၂၅၀၀၀ |
| စောရှုပ် (သစ်) | ၂၄၀၀၀ |
| ပေါ်ကျွဲ (ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ (သစ်) | ၁၉၅၀၀ |
| ဧယာ (ဟောင်း) | ၂၁၅၀၀ |
| ဧယာ (သစ်) | ၁၅၅၀၀ |
| ကောက်ညှင်း (ရန်ကုန်) | ၃၀၀၀၀ |
| ကောက်ညှင်း (ပုသိမ်) | ၄၂၀၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၂၉၀၀/၃၆၀၀ |
| နှမ်းဆီ | ၂၄၀၀/၂၄၅၀ |
| ပန်းနှမ်းဆီ | ၂၈၀၀/၂၈၅၀ |
| နေကြာဆီ | ၂၈၀၀/၃၀၀၀ |
| မုန်ညင်းဆီ | ၂၈၀၀/၂၈၀၀ |
| စားအုန်းဆီ | ၁၇၉၀/၁၈၁၀ |

**သကြားဒိုင်ဈေးနှုန်း**

| | |
|---|---|
| ခါသကြား | ၇၉၀/၇၈၀ |
| ပွတ်သား | ၆၃၀/၆၅၀/၆၂၀ |
| ခါရေ | ၃၂၀/၃၂၅ |
| ပေါင်းရေ | ၂၆၀ |

**စက်သုံးဆီ**

| | |
|---|---|
| ရေနံစိမ်း(တစ်စည်) | ၁၀၃. ၄၀ဒေါ်လာ |
| ဓာတ်ဆီ (တစ်ဂါလန်) | ၂၅၀၀/၄၃၀၀ |
| ဒီဇယ်ဆီ (တစ်ဂါလန်) | ၃၅၀၀/၃၃၈၀ |

(၀၀၂)

**ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ပညာ့အားမာန် တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်ပွဲကို အောက်တိုဘာ ၂၁ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ လက်ထောက်ပြည်နယ်ပညာရေးမှူး ဒေါ်ခင်အေးလှိုင်နှင့် ကျောင်းဆောင်သစ် အလှူရှင် ဦးဖေအောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်ပြန်/ဆက်)



## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁-၁၁-၂၀၁၁ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ဇာတ်လမ်းတို
- ၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၅။ မြန်မာ့ရှုခင်း
- ၄း၃၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၄၅ ၇။ အင်္ဂလိပ်စာသုတ
- ၄း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း -၅၀)**
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ Guide For You
- ၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၂၂)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ဒို့တာဝန်အရေး(၃)ပါး
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ သီချင်းလက်ဆောင်
- ၂၂။ ဟာသရုပ်စုံ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၆)**
- ၂၅။ Mini Series

# သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲအတွက် လှူဒါန်းနိုင်

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲ ဖြစ်သည့် ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် အသက်(၈၀)နှင့်အထက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အလှူငွေနှင့် အလှူပစ္စည်းများကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို) အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန် (ဒုတိယထပ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**အောက်တိုဘာ ၈ ရက်က အမက(၁၄)ရန်ကင်း၏ ၂၀၁၀-၂၀၁၁ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ငွေကျပ်သိန်း ၉၀ ဖိုး ကျောင်းဘက်စုံပြုပြင်ပေးသူ ကျောင်းအကျိုးဆောင်ဥက္ကဋ္ဌ ဦးအောင်မြင့်၏ ဇနီး ဒေါ်တင်မေရီအား ရန်ကင်းမြို့နယ်ပညာရေးမှူး ဦးတန်ဆွင်းဒါးလ်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။** (ကြေးမုံ)

ဗလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

☆ **ရှေ့ဖုံးမှ**

အစီအမံများအား ဩဂုတ် ၂၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်သူ့လွှတ်တော် အစည်းအဝေး၌ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ မချမ်းဘော မြို့နယ်မှ လျှောက်ထားလာသူ ကျောင်းသား(၅)ဦးအနက် (၂)ဦးမှာ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တွင် မိမိသဘောဆန္ဒအလျောက် ဝင်ရောက်ရွေးချယ်ခံမှုမပြုခြင်း ဖြစ်ပါကြောင်း၊ ကျန်(၃)ဦးမှာ အရန်အဆင့်အထိသာ ရွေးချယ်ပါရှိခဲ့ကြောင်း စိစစ်သိရှိရသဖြင့် ယခုနှစ်တွင် တက်ရောက်ခွင့်မရခဲ့သည့် ကျောင်းသားများအား နောင်နှစ်တွင် အသက်ကန့်သတ်ချက်၊ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမည် ဆိုပါက ဦးစားပေးရွေးချယ်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် မန္တလေး)တို့တွင် ဝိဇ္ဇာ/သိပ္ပံနှင့် အင်ဂျင်နီယာအတတ်ပညာ (အေဂျီတီအိုင်) များကို သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ပြင် ရန်ကုန်တွင် မဟာဝိဇ္ဇာနှင့် မဟာသိပ္ပံ အရည်အချင်းစစ် သင်တန်းများကိုလည်းကောင်း၊ မန္တလေးတွင် B.Tech. သင်တန်း များကိုလည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ၂၀၀၀-၂၀၀၁ ပညာသင် နှစ်မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အထိ ဝိဇ္ဇာဘွဲ့(၄၃၉)ဦး၊ သိပ္ပံဘွဲ့(၈၁၅)ဦးနှင့် အေဂျီ တီအိုင်ဒီပလိုမာ (၅၂၆)ဦး စုစုပေါင်း(၁၇၈၀)ဦးမွေးထုတ်ပေးခဲ့ပြီး ၎င်းတို့အားလုံးအား ဝန်ကြီးဌာနအသီးသီးတွင် အလုပ်ခန့်ထားပြီးဖြစ်ကြောင်း၊ ယခုပညာသင်နှစ်တွင် ဒီဂရီကောလိပ်(၂)ခု၌ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်း၊ တနင်္သာရီတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားလူငယ်စုစုပေါင်း (၁၂၈၉)ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း** သိရသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်၏ **ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပွားနေသောတိုက်ပွဲများအပေါ် အနာဂတ်နယ်စပ်ဒေသ တည်ငြိမ်ဖွံ့ဖြိုးရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် မည်သို့စီမံဆောင်ရွက်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကချင်၊ ကရင်နှင့် ရှမ်းပြည်နယ်တို့တွင်ဖြစ်ပွားနေသော တိုက်ပွဲများအဆုံးသတ်ရေး၊ အနာဂတ် နယ်စပ်ဒေသ တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းဖြင့် စီမံဆောင်ရွက်၍မရနိုင်ပါကြောင်း၊ အခြေခံ ဥပဒေနှင့်အညီ အသွင်ကူးပြောင်းခြင်းမပြုကြသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အားလုံးအတွက် ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ၁၈-၈-၂၀၁၁ ရက်က ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြေညာချက်အမှတ်(၁/၂၀၁၁)ဖြင့် ထုတ်ပြန်ကမ်းလှမ်း ခဲ့ပြီးဖြစ်ပါကြောင်း။



**မချမ်းဘော မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်း(ခ) ဦးအင်ထုဖုန်ဆန်း မေးမြန်းစဉ်။** (သတင်းစဉ်)

ယင်းကမ်းလှမ်းချက်နှင့် အညီ ပြည်ထောင်စုအစိုးရအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ဖြစ်ကြသော ကချင်၊ 'ဝ'၊ ရှမ်း၊ ကရင်၊ မွန် အဖွဲ့များနှင့် ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပထမအဆင့် အနေဖြင့် ပြည်နယ်အဆင့်ငြိမ်းချမ်းရေး ဆွေးနွေးမည့် အဖွဲ့ဆွေးနွေးပွဲများ ဆောင်ရွက်ပြီး နှစ်ဖက်အပစ်အခတ် ရပ်စဲရေး၊ နှစ်ဖက်သော လက်နက်ကိုင် အဖွဲ့အစည်းများ တစ်ဖက်ထိန်းသိမ်း ထားသောနယ်မြေအတွင်း သွားလာလိုပါက ကြိုတင်ခွင့်ပြုချက်ရယူရေး၊ စစ်အင်အားတိုးချဲ့ခြင်းနှင့် စစ်ရေး လှုပ်ရှားမှုများ မပြုလုပ်ရေး၊ ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများအား ပူးပေါင်း ဆောင်ရွက်ရေးစသည့် ပဏာမငြိမ်းချမ်း ရေး သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါကြောင်း။

ပဏာမသဘောတူညီချက်ရရှိပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ပြည်ထောင်စုအတွင်းမှ ခွဲထွက်ခြင်းမပြုရေး၊ နှစ်ဖက်ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရေး၊ အထူးဒေသများတွင် တာဝန်ထမ်းဆောင်ကြမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အထောက်အကူပြု နိုင်ငံ့ဝန်ထမ်းများစေလွှတ်ပေးရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အတူတကွပူးပေါင်းဆောင်ရွက်သွားရေးညှိနှိုင်းခဲ့ရာ ယခုအခါတွင် 'ဝ'အထူးဒေသ(၂)၊ မိုင်းလားအထူးဒေသ(၄) အဖွဲ့များနှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးပဏာမ သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ယနေ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးက မည်သည့်အတွက် လက်နက်စွဲကိုင်နေရသည်ဟူသောပြဿနာ၏ အဓိကအကြောင်းရင်းမှာ ငြိမ်းချမ်းရေး အပေါ် သံသယရှိခြင်းနှင့် တစ်ဦးအပေါ်တစ်ဦး မယုံကြည်မှုကြောင့်ဖြစ်သည်ကို သုံးသပ်နိုင်ပါကြောင်း၊ ယင်းအချက်ကို နှစ်ဦးနှစ်ဖက်ယုံကြည်မှု တည်ဆောက်ခြင်း ဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ယုံကြည်မှုတည်ဆောက်ရာတွင် ယုံကြည်မှုကို ဖောက်ဖျက်သည့်လုပ်ရပ်ကို နှစ်ဦးနှစ်ဖက်မှမလုပ်ဆောင်မိရန်ကိုလည်း အထူးဂရုစိုက် ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် တိုင်းရင်းသားညီအစ်ကို များနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီး၊ နိုင်ငံ တကာအစိုးရမဟုတ်သောအဖွဲ့အစည်းအသီးသီး၊ မိမိနိုင်ငံအပေါ် စာနာထောက်ထား ကာ အကူအညီပေးလိုသည့် မိတ်ဆွေနိုင်ငံအသီးသီးတို့၏ ကူညီထောက်ပံ့မှုနှင့် စွမ်းအား ကိုပါရယူလျက် ဒေသဖွံ့ဖြိုးရေးကို ထိရောက်အောင်မြင်စွာဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း။

**ပြည်သူများကိုယ်တိုင်ကလည်း ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရကို အားကိုးအားထားပြု တင်ပြတောင်းဆိုသကဲ့သို့ တစ်ဖက်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကိုလည်း ပြည်သူအများစု၏ ငြိမ်းချမ်းရေးလိုလားချက်ဆန္ဒအမှန်များကို ဖော်ထုတ်ပြသပြီး ငြိမ်းချမ်းရေးစားပွဲဝိုင်းဆီသို့ ရောက်ရှိလာအောင် ဝိုင်းဝန်းဆွဲဆောင်၍ တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိမှသာ နယ်မြေဒေသတည်ငြိမ်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ဒေသအတွင်းအေးချမ်းပြီး တရားဥပဒေစိုးမိုးမှုမရှိသရွေ့အစိုးရက ဖော်ဆောင်ပေးလျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများသည်လည်း အကျိုးမရှိဆုံးရှုံးခြင်း များကိုသာ ဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း။**

ယခုမေးခွန်းနှင့် စပ်လျဉ်း၍ အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သော နှစ်ဦးနှစ်ဖက် ယုံကြည်မှုတည်ဆောက်ခြင်း၊ ငြိမ်းချမ်းရေးဆွေးနွေးခြင်း၊ လက်နက်ကိုင်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ခြင်း၊ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ပိုင်း၊ နိုင်ငံတကာ အပိုင်းတို့မှ ဝိုင်းဝန်းဆောင်ရွက်ပေးသည်သာမက သက်ဆိုင်ရာဒေသများကလည်း မိမိတို့ကိုယ်တိုင် ကိုယ်ထူကိုယ်ထစိတ်ဓာတ်ဖြင့် မိမိနိုင်ရာအပိုင်းမှ မျှတစွာပါဝင် ထမ်းရွက်လုပ်ဆောင်သွားကြရမည် ဖြစ်ပါကြောင်း။

**သို့ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စု စိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ကို အလေးအနက်ခံယူရန် လိုအပ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြား သည်။

အလားတူ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၏ **ယနေ့အပ်နှံလာမည့် မော်တော် ယာဉ်များမှ ပြန်လည်အသုံးချနိုင်သော အင်ဂျင်/ဂီယာဘောက်များအား သံရည် ကျိုရာတွင် မထည့်သွင်းဘဲ ဖြုတ်သိမ်း၍ လေလံတင်ရောင်းချရန် အစီအစဉ် ရှိ/မရှိနှင့် စက်မှုလုပ်ငန်းငယ်များနှင့် ကျေးလက်များ မီးလင်းရေးအတွက် အသုံးပြုနိုင်ရန် သင့်တော်သောဈေးနှုန်းများနှင့် ရောင်းချပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက စီမံချက်အရအပ်နှံလာမည့် သက်တမ်းလွန် မော်တော်ယာဉ်များမှ အင်ဂျင်/ဂီယာ ဘောက်များအား လေလံတင်ရောင်းချရန်အစီအစဉ်မရှိပါကြောင်း၊ ယာဉ်အို/ယာဉ် ဟောင်းများအား **Running Condition** ဖြင့် အပ်နှံစေခဲ့သော်လည်း အင်ဂျင် များမှာ ဟောင်းနွမ်းနေ၍ ပြန်လည်အသုံးပြုမည်ဆိုပါက ပြင်ဆင်ပြီးမှသာ အသုံးပြုနိုင် မည်ဖြစ်ပါကြောင်း၊ အင်ဂျင်အဟောင်းများအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက် စေခြင်း၊ မီးခိုးထွက်မှုများခြင်း၊ **Air Pollution** ကို ထိခိုက်နိုင်ခြင်း၊ ဆီစားနှုန်းများ၍ လောင်စာဆီအသုံးပြုမှုနှုန်းများခြင်း စသည့်ဆိုးကျိုးများ ရှိနိုင်ပါကြောင်း။



**နယ်စပ်ရေးရာဝန် ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး မေးမြန်း ချက်များကို ပြန် လည် ဖြေကြား စဉ်။**
(သတင်းစဉ်)

ယခုကာလတွင် ကားဟောင်းများအပ်နှံစေကာ ပါမစ်ပေး၍ လူတစ်ဦးချင်းစီမှ ကားတင်သွင်းခွင့် ရရှိလာပြီဖြစ်ပါကြောင်း၊ မကြာမီ တရားဝင်နိုင်ငံခြားငွေရရှိသူများ မှာလည်း ကားတင်သွင်းခြင်းများရှိလာမည်ဖြစ်ပါကြောင်း၊ ထိုနည်းတူ **Used Car Sale Room Centre** နှင့် **Show Room** များဖွင့်၍ မော်တော်ယာဉ်များ ဈေးသက်သာစွာဖြင့် ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မော်တော်ယာဉ်များအား ဈေးနှုန်းသက်သာစွာဝယ်ယူလာနိုင်သည်နှင့်အမျှ ပိုမို ကောင်းမွန်၍ ဆီစားနှုန်းသက်သာသော အင်ဂျင်များနှင့်ဆက်စပ်ပစ္စည်းများအား တင်သွင်းခွင့်ပြုမည်ဖြစ်ပါ၍ ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ် ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

**ဥပဒေကြမ်းဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးခြင်း ကဏ္ဍ**တွင် အမျိုးသားလွှတ်တော်၌ စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြု ပေးပို့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌက တင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်တင်သွင်းဆွေးနွေးလိုသော ကိုယ်စားလှယ်များရှိပါက နိုဝင်ဘာ(၂)ရက် ညနေ(၄)နာရီနောက်ဆုံးထားပြီး အမည် စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးအတည်ပြုခဲ့သည့် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်း** နှင့် **ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကြမ်း** တို့ကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက် များဖြင့် ပြန်လည်ပေးပို့ခဲ့ရာ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသူများအနေဖြင့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အကြောင်းအရာ တိကျစွာဖော်ပြ၍ နိုဝင်ဘာ(၁)ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရမည်ဖြစ်သည်။

အောက်တိုဘာ(၂၈)ရက်က ပြည်ထောင်စုလွှတ်တော်၌ပြုလုပ်ခဲ့သည့် အစီအစဉ် (၁၃)ပါ အကြောင်းအရာကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်အခွင့်အရေးကော်မတီက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ စာဖြင့်ပေးပို့တင်ပြထားရာ ယင်းကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ပြီး လိုအပ်သည်များကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါစာလက်ခံရရှိမှုအား မှတ်တမ်းတင်ထားမည် ဖြစ်ပြီး ကျန်ရှိသည့်လုပ်ငန်းကိစ္စများအား သက်ဆိုင်ရာတာဝန်ရှိသူများ ညှိနှိုင်းဆောင် ရွက်ချက်အပေါ် မူတည်ကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ ၁၀ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို နိုဝင်ဘာ(၁)ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား IPCC ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာ အစိုးရအဖွဲ့ (Intergovernmental Panel on Climate Change - IPCC) ဥက္ကဋ္ဌ Prof. RaJendra K. Pachauri သည် ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စများနှင့် မြန်မာနိုင်ငံက ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ (သတင်းစဉ်)



**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာ အစိုးရအဖွဲ့ (Intergovernmental Panel on Climate Change-IPCC) ဥက္ကဋ္ဌ Prof.RaJendra K. Pachauri လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# စီးပွားရေးတက္ကသိုလ်(၁၉၆၇-၇၁) ဆရာကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၁**

(၁၉၆၇-၇၁) ပညာသင်နှစ် စီးပွားရေး တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ သည် ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေး ကြိုးပမ်းလျက်ရှိပြီး လစဉ် ပထမရက်သတ္တပတ် စနေနေ့တိုင်း အမှတ် (၁၆၃)ပထမထပ်(ဝဲ)(၃၈)လမ်း(အလယ်) ကျောက်တံတားမြို့နယ်သို့ စုပေါင်းညှိနှိုင်း စီစဉ်နိုင်ရေးအတွက် ကြွရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်ရန်အတွက် ဦးအောင်မျိုးဝင်း ဖုန်း-၀၉-၅၀၇၁၃၁၂၊ ဦးစိုင်းသန်းဝင်း ဖုန်း-၀၉- ၇၃၀၃၃၅၆၅၊ ဦးရစ်ချက်သန်းဦး ဖုန်း-၀၉-၅၁၆၈၂၅၁၊ ဒေါ်စမ်းသွင် ဖုန်း-၀၉-၅၀၀၈၇၁၆၊ ဒေါ်ရီတာမြင့် ဖုန်း-၀၉-၅၀၀၆၉၁၂၊ ဒေါ်ခင်မူဌေး ဖုန်း-၃၉၆၄၅၁၊ ဦးသန်းဦး (မဏ္ဍိုင်) ဖုန်း-၀၉- ၅၀၀၈၉၈၈၊ ဒေါ်ခင်စိုး ရည် ဖုန်း-၀၉-၅၀၄၂၀၇၇၊ ဦးအုန်းမြင့် (မန္တလေး)ဖုန်း-၀၉-၆၅၀၁၉၁၅၊ ဦးမြတ်သူ ဖုန်း-၀၂-၂၂၆၈၊ ဦးခင်စိုး(နေပြည်တော်) ဖုန်း-၀၉-၈၆၂၄၆၃၆၊ ဦးညွန့်ဆွေ ဖုန်း-၀၆၇-၄၀၇၃၀၆နှင့် ဦးနေဝင်း (တောင်ကြီး) ဖုန်း-၀၉-၄၉၃၅၁၂၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။

(ကြေးမုံ)

# ပြည်တွင်းဈေးကွက်စီးပွား

**ပဲမျိုးစုံဈေးကွက်များတွင် မတ်ပဲနှင့်ပဲတီစိမ်း ဈေးနှုန်းများကျဆင်းခဲ့သော် လည်း ပဲစင်းငုံ(နီ)ဈေးကွက်များတွင် ဈေးအနည်းငယ်တက်လာခဲ့ပြီး စားသောက် ကုန်ဈေးကွက်များတွင်မူ ဈေးကွက်လိုက်၍ ဈေးနှုန်းပြောင်းလဲမှုအမျိုးမျိုး ဖြစ်ပေါ် ခဲ့သည်။**

**မတ်ပဲ။** ။ မုံရွာဈေးကွက်တွင် တစ်တန်ဈေးနှုန်း ငွေကျပ်၅၁၁၃၀၀ သို့လည်းကောင်း၊ မန္တလေးဈေးကွက်တွင် တစ်တန်ဈေးနှုန်း ငွေကျပ် ၅၁၀၁၀၀ သာရှိခဲ့ရာမှ ငွေကျပ် ၄၈၉၉၀၀ သို့လည်းကောင်း ဈေးနှုန်းများ ကျဆင်းခဲ့သည်။

**ပဲတီစိမ်း။** ။ ဈေးနှုန်းများ ဆက်လက်ကျဆင်းနေသော ဈေးကွက်ဖြစ်သည်။ မန္တလေးဈေးကွက်တွင် တစ်တန်ဈေးနှုန်း ငွေကျပ် ၅၄၄၄၀၀ သို့ လည်းကောင်း၊ မုံရွာဈေးကွက်တွင် တစ်တန်ဈေးနှုန်း ငွေကျပ် ၅၃၁၅၀၀ မှ ငွေကျပ် ၄၆၇၂၀၀ သို့ လည်းကောင်း ဈေးကွက်အသီးသီး၌ ဈေးနှုန်းများကျဆင်းခဲ့သည်။

**ပဲစင်းငုံ(နီ)။** ။ အဝယ်ရှိပြီး ဈေးကောင်းလာ၍ အရောင်းသွက်လာသော ဈေးကွက် ဖြစ်သည်။ မန္တလေးဈေးကွက်တွင် တစ်တန်ဈေးနှုန်း ငွေကျပ် ၃၉၃၁၀၀ ရှိခဲ့ရာမှ ငွေကျပ် ၃၉၈၀၀၀ သို့လည်းကောင်း၊ မုံရွာဈေးကွက်တွင် တစ်တန်ဈေးနှုန်း ငွေကျပ် ၃၈၂၇၀၀ မှ ငွေကျပ် ၃၉၄၉၀၀ သို့လည်းကောင်း၊ ပခုက္ကူဈေးကွက်တွင် တစ်တန်ဈေးနှုန်း ငွေကျပ် ၃၉၈၀၀၀ မှ ငွေကျပ် ၄၀၁၁၀၀ သို့လည်းကောင်း ဈေးနှုန်းများတက်လာခဲ့သည်။

**ငရုတ်သီး။** ။ ငရုတ်သီးတစ်ပိဿာဈေးနှုန်းများမှာ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မြစ်ကြီးနား နှင့် စစ်တွေဈေးကွက်များတွင် တစ်ပိဿာ ငွေကျပ် ၄၀၀၀၊ ပခုက္ကူနှင့် တောင်ကြီး ဈေးကွက်များတွင် ငွေကျပ် ၃၅၀၀၊ မကွေး၊ မုံရွာနှင့် လွိုင်ကော်ဈေးကွက်များတွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၃၀၀၀ စသည်ဖြင့် ဈေးကွက်၏ ရောင်းလိုအားနှင့် ဝယ်လိုအားကို လိုက်၍ ပေါက်ဈေးအမျိုးမျိုးရှိခဲ့သည်။

**ကြက်သွန်နီ။** ။ရန်ကုန်၊ မန္တလေး၊တောင်ကြီးနှင့် ပြည်ဈေးကွက်များတွင် တစ်ပိဿာ ဈေးနှုန်း ငွေကျပ် ၁၅၀၀၊ မကွေး၊ မုံရွာနှင့် ပဲခူးဈေးကွက်များတွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၁၂၀၀၊ စစ်တွေဈေးကွက်နှင့် မြစ်ကြီးနားဈေးကွက်များတွင် တစ်ပိဿာ ဈေးနှုန်း ငွေကျပ် ၁၃၀၀ တို့ဖြစ်ကြသည်။

**ကြက်သွန်ဖြူ။** ။ ရန်ကုန်၊ မန္တလေး၊ မကွေး၊ပခုက္ကူနှင့် မြစ်ကြီးနားဈေးကွက်များတွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၂၀၀၀ ကျော်၊ ပဲခူးနှင့်ပြည်ဈေးကွက်များတွင် တစ်ပိဿာ ဈေးနှုန်းငွေကျပ် ၁၈၀၀ ဝန်းကျင်နှင့် တောင်ကြီးဈေးကွက်တွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၁၂၀၀နှင့် မုံရွာဈေးကွက်တွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၃၄၀၀ တို့ဖြင့် အရောင်းအဝယ်များ ဖြစ်ပေါ်ခဲ့သည်။

**နိုင်လင်းကြည် (ကြေးမုံ)**

**နိုင်ငံတကာသတင်းများ** **နိုင်ငံတကာသတင်းများ** **နိုင်ငံတကာသတင်းများ**

## ဗန်ကောက်-ချင်းမိုင် အမြန်ရထား ခရီးစဉ်ပြေးဆွဲမှု ပြန်လည်စတင်

**ဗန်ကောက် အောက်တိုဘာ ၃၁**

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်မှ မြောက်ဘက်အရပ်သို့ ခုတ်မောင်းပေးသော ရထားခရီးစဉ်ကို ပြန်လည်စတင်ပြီဖြစ်ကြောင်း၊ သို့ရာတွင် ဗန်ကောက်မှ တောင်ဘက်အရပ်သို့ ခုတ်မောင်းပေးသောရထားစဉ်ကိုမူ ရေလွှမ်းမိုးမှုကြောင့်ရပ်ဆိုင်းထားရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗန်ကောက်-ချင်းမိုင် အမြန်ရထားခရီးစဉ်ကို အောက်တိုဘာ ၂၉ ရက်တွင် ပြန်လည်စတင်ခဲ့ကြောင်း ထိုင်းနိုင်ငံရထားလုပ်ငန်းဌာနက ပြောကြားသည်။

ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများ၌ ရေလွှမ်းမိုးမှုနှင့်အတူ ရထားသံလမ်းများ ရေနစ်မြုပ်နေခြင်းကြောင့် မြို့တော်ဗန်ကောက်မှ တောင်ဘက်အရပ်သို့ ခုတ်မောင်းပေးသော ရထားခရီးစဉ်များကို ဆိုင်းငံ့ထားသည်။

ထိုင်းနိုင်ငံ၌ အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ ပြည်နယ်ပေါင်း ၁၈ ပြည်နယ်ရှိ အဝေးပြေးလမ်းများနှင့် ကားလမ်းများ ရေနစ်မြုပ်ခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့ရသည်။

ယခုအခါ ရေကျဆင်းစပြုပြီဖြစ်သော်လည်း ဒေသအများအပြား၌ ရေလွှမ်းမိုးမှုဆိုင်ရာ ပြဿနာများဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ ထိုင်းနိုင်ငံ၌ ဇူလိုင်လနှောင်းပိုင်းမှစ၍ ရေလွှမ်းမှုများ စတင်ဖြစ်ပေါ်ခဲ့သည်။ **ဆင်ဟွာ။**

## ရေနံတင်သင်္ဘောနှစ်စင်း ဓားပြများရန်မှ အီရန်ရေတပ်ဖွဲ့ ကယ်တင်

**တီဟီရန် အောက်တိုဘာ ၃၁**

အေဒင်ပင်လယ်ကွေ့အတွင်း အီရန်ရေနံတင်သင်္ဘောနှစ်စင်းအား ပင်လယ်ဓားပြများက ဖမ်းဆီးရန်ကြိုးစားခြင်းကို အီရန်ရေတပ်စစ်သင်္ဘောအုပ်စုက တားဆီးနိုင်ခဲ့ကြောင်း ပရက်စ်တီဗွီသတင်းဌာနက အောက်တိုဘာ ၂၉ ရက်တွင် ဖော်ပြသည်။

အေဒင်ပင်လယ်ကွေ့နှင့် ဆက်မန်ဒက် ရေလက်ကြားအတွင်း ပင်လယ်ဓားပြများ၏ တိုက်ခိုက်ခြင်းခံခဲ့ရသည့် ရေနံတင်သင်္ဘောတစ်စင်းကို အီရန်ရေတပ်ဖွဲ့က ကယ်ဆယ်နိုင်ခဲ့ကြောင်း အီရန်အမျိုးသားရေနံတင်သင်္ဘောကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ မိုဟန်မက်ဆိုရီက ပြောကြားသည်။

အေဒင်ပင်လယ်ကွေ့အတွင်း၌ ပင်လယ်ဓားပြများ၏ တိုက်ခိုက်ခြင်းခံရသည့် အီရန်ရေနံတင်သင်္ဘော ဒါမာဗန်ကိုလည်း ကယ်တင်နိုင်ခဲ့သည်ဟု ၎င်းက ဆိုသည်။**အင်တာနက်။**



**ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့၏ အထွေထွေညီလာခံကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ပါလက်စတိုင်းဒေသ ယူနက်စကိုအဖွဲ့၏ တင်းပြည့်အဖွဲ့ဝင်ဖြစ်လာ

**ပါရီ အောက်တိုဘာ ၃၁**

အမေရိကန်ပြည်ထောင်စုနှင့် အချို့သောနိုင်ငံများက ကန့်ကွက်ခဲ့ကြသော်လည်း ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)သည် ပါလက်စတိုင်းဒေသကို တင်းပြည့်အဖွဲ့ဝင်အဖြစ် တနင်္လာနေ့က လက်ခံလိုက်ပြီဖြစ်ကြောင်း သိရသည်။

ပါလက်စတိုင်းအား ယူနက်စကိုအဖွဲ့၌ တင်းပြည့်အဖွဲ့ဝင်အဖြစ်နေရာပေးရန် သဘောတူခဲ့ပါက ယူနက်စကိုသို့ နှစ်စဉ်ထည့်ဝင်ပေးလျက်ရှိသော ရန်ပုံငွေဒေါ်လာ သန်း ၈၀ ကို ဖြတ်တောက်မည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက ခြိမ်းခြောက်ထားပြီးဖြစ်သည်။

ယူနက်စကိုအဖွဲ့၌ ပါလက်စတိုင်းအား တင်းပြည့်အဖွဲ့ဝင်အဖြစ် နေရာပေးခြင်းဖြင့် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကို ထိခိုက်လာနိုင်ကြောင်း အမေရိကန်ပြည်ထောင်စုက ယူဆထားသည်။

အောက်တိုဘာ ၃၁ရက်တွင် ကျင်းပသော ယူနက်စကိုအဖွဲ့၏ အထွေထွေညီလာခံသို့ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၃ နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး ပါလက်စတိုင်းအား တင်းပြည့်အဖွဲ့ဝင်နေရာပေးနိုင်ရေးအတွက် မဲခွဲဆုံးဖြတ်ခဲ့ကြရာ ထောက်ခံမဲ ၁၀၇ မဲနှင့် ကန့်ကွက်မဲ ၁၄ မဲ ရှိခဲ့ပြီး နိုင်ငံ ၅၂ နိုင်ငံမှာ မဲပေးခြင်းမရှိပေ။

ပါလက်စတိုင်းသည် ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် ရပ်တည်နိုင်ရေးအတွက်လည်းကြိုးပမ်းခဲ့ကြသည်။ သို့ရာတွင် အစ္စရေးနိုင်ငံနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်လုပ်ဆောင်ခြင်းမရှိပါက ပါလက်စတိုင်း၏ ကုလသမဂ္ဂဝင်ရောက်ခွင့်ကို ဗီတိုအာဏာဖြင့် ပယ်ဖျက်မည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက ပြောကြားခဲ့ပြီးဖြစ်သည်။

ယူနက်စကိုအဖွဲ့၏ အထွေထွေညီလာခံတွင် မဲခွဲဆုံးဖြတ်၍ ပါလက်စတိုင်းအား တင်းပြည့်အဖွဲ့ဝင်အဖြစ် သတ်မှတ်လိုက်ခြင်းသည် အကျိုးမဲ့လုပ်ရပ်သာဖြစ်ကြောင်း ယူနက်စကိုအဖွဲ့ဆိုင်ရာ အစ္စရေးသံအမတ် နင်းရော့ဒ် ဘာကန်က ပြောကြားခဲ့သည်။ပါလက်စတိုင်းအား တင်းပြည့်အဖွဲ့ဝင်အဖြစ် လက်ခံရန် နိုင်ငံတကာကိုယ်စားလှယ်အများစုက ထောက်ခံခဲ့ကြပြီးနောက် ယူနက်စကိုအထွေထွေညီလာခံ၌ ကောင်းချီးသြဘာပေးသံများ ပေါ်ထွက်ခဲ့သည်။

**အင်တာနက်။**

## ဒုတိယကမ္ဘာစစ်ကာလမှ ဂျပန်ရေငုပ်သင်္ဘောပျက် ပါပူဝါနယူးဂီနီကမ်းလွန်၌ ရှာဖွေတွေ့ရှိ

**ကင်ဘာရာ အောက်တိုဘာ ၃၁**

ပါပူဝါနယူးဂီနီနိုင်ငံ ပင်လယ်ဆိပ်ကမ်းတစ်ခု၏ ပင်လယ်ကြမ်းပြင်အောက်၌ တစ်စိတ်တစ်ဒေသ နစ်မြုပ်နေသော ဂျပန်ရေငုပ်သင်္ဘောပျက်တစ်စင်းကို ရှာဖွေတွေ့ရှိရကြောင်း သြစတြေးလျကာကွယ်ရေးဌာနက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

### ရှာဖွေတွေ့ရှိခဲ့

သြစတြေးလျနှင့် နယူးဇီလန် စစ်သင်္ဘောများသည် ဒုတိယကမ္ဘာစစ်လက်ကျန်လက်နက်ဟောင်းများကို ရှင်းလင်းနိုင်ရန် စူးစမ်းလေ့လာလျက်ရှိကြစဉ် ဒုတိယကမ္ဘာစစ်ကာလက အသုံးပြုခဲ့သော ဂျပန်ရေငုပ်သင်္ဘောတစ်စင်းကို ပင်လယ်ရေအောက် ပေ ၁၈၀ (၅၅ မီတာ)အနက်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

တောင်ပစိဖိတ်သမုဒ္ဒရာရှိ ပါပူဝါနယူးဂီနီနိုင်ငံ၏ အရှေ့မြောက်ဘက် ပင်လယ်ကမ်းရိုးတန်းဒေသ ဆင်ပဆင်ပင်လယ်ဆိပ်ကမ်းတွင် ဂျပန်ရေငုပ်သင်္ဘောပျက်ကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ အဆိုပါပင်လယ်ဆိပ်ကမ်းသည် ရာဘာအူမြို့၌ တည်ရှိသည်။ ယင်းပင်လယ်ဆိပ်ကမ်းကို ဂျပန်နိုင်ငံက ဒုတိယ ကမ္ဘာစစ်ကာလအတွင်း အဓိကစစ်စခန်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်။

ဂျပန်ရေငုပ်သင်္ဘောပျက်သည် ပင်လယ်ကြမ်းပြင်သဲအတွင်း တစ်စိတ်တစ်ဒေသ နစ်မြုပ်နေသည်ကို တွေ့ရသည်။

အဆိုပါသင်္ဘောပျက်သည် ဂျပန်ရေငုပ်သင်္ဘောဟောင်းဖြစ်သည်ဟု သြစတြေးလျ ရေတပ်သမိုင်းပညာရှင်များက အတည်ပြုပြောကြားသည်။

သြစတြေးလျရေတပ်သည် ရေငုပ်သင်္ဘောပျက်ကိစ္စနှင့်ပတ်သက်၍ ဂျပန်အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

**အင်တာနက်။**



## ဆန်ဒါဘန်းစ် ဒီရေတောဒေသ၌ လင်းပိုင်ဘေးမဲ့ရေပြင်များ ဘင်္ဂလားဒေ့ရှ် သတ်မှတ်

**ဒါကာ အောက်တိုဘာ ၃၁**

ရေချိုလင်းပိုင်များအား အကာအကွယ်ပေးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ဆန်ဒါဘန်းစ် ဒီရေတောရှိ ဒေသသုံးခုကို လင်းပိုင်ဘေးမဲ့ဒေသများအဖြစ် ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများက ကြေညာခဲ့ကြောင်း အောက်တိုဘာ ၃၀ ရက် သတင်းများတွင် ဖော်ပြသည်။ ဆန်ဒါဘန်းစ်ဒီရေတောသည် ဂင်္ဂါလင်းပိုင်များနှင့် ဧရာဝတီလင်းပိုင် နှစ်မျိုးလုံး ရှင်သန်ကျက်စားလျက်ရှိသည့် ကမ္ဘာ့တစ်ခုတည်းသော ဒီရေတောဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ပြောကြားသည်။

ဂင်္ဂါလင်းပိုင်နှင့် ဧရာဝတီလင်းပိုင်များသည် ကမ္ဘာပေါ်၌ မျိုးသုဉ်းမည့်အန္တရာယ်အရှိဆုံး နို့တိုက်သတ္တဝါများထဲတွင် အပါအဝင်ဖြစ်ပြီး ရေပြင်အတွင်း ဆားဓာတ်ပါဝင်မှု မြင့်တက်လာခြင်းနှင့် ရေထုညစ်ညမ်းမှုတို့က ယင်းသတ္တဝါများ၏ အနာဂတ်ကို ခြိမ်းခြောက်လျက်ရှိသည်။

လင်းပိုင်များ စိတ်ချလုံခြုံမှုရှိသော သဘာဝပတ်ဝန်းကျင်၌ လွတ်လပ်စွာ ရှင်သန်ပေါက်ပွားနိုင်ရေးအတွက် ဆန်ဒါဘန်းစ်ဒီရေတောအရှေ့ပိုင်း ဒန်ဂမာရီ၊ ချန်ပိုင်းနှင့် ဒူဒါမူခီအမည်ရှိ ရေပြင်ဒေသသုံးခုကို လင်းပိုင်ဘေးမဲ့ဒေသများအဖြစ် ကြေညာရန်ဆုံးဖြတ်ခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ သားရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆန်ဒါဘန်းစ် ဒီရေတော၏ အမျိုးမျိုးအဖုံဖုံ ကွဲပြားသောဂေဟဗေဒစနစ်များသည် လင်းပိုင်၊ ဝေလငါး စသော ရေနေနို့တိုက်သတ္တဝါကြီးများ ရှင်သန်ပေါက်ပွားရေးအတွက် အခြေအနေပေးကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ၏ အဆိုအရ သိရသည်။ဂင်္ဂါမြစ်ကြောင်းနေ လင်းပိုင်များသည် ဆန်ဒါဘန်းစ်ဒီရေတော၏ အထက်ဘက်ဒေသများ၌ ရှင်သန်ကျက်စားပြီး ဧရာဝတီလင်းပိုင်များမှာ ဘင်္ဂလားပင်လယ်အော် ရေပြင်နှင့် ပိုနီးစပ်သော တောင်ပိုင်းဒေသရေပြင်များတွင် ရှင်သန်ကျက်စားလျက်ရှိသည်။

ယင်းလင်းပိုင်မျိုးစိတ် နှစ်မျိုးလုံးသည် ပုံမှန်အားဖြင့် ကမ်းရိုးတန်းဒေသ ရေပြင်များတွင် အတွေ့ရများပြီး ဆောင်းရာသီကာလ ပင်လယ်ရေပြင်အတွင်း ဆားဓာတ်ပါဝင်မှု မြင့်တက်ချိန်၌ ဆန်ဒါဘန်းစ်ဒီရေတော မြစ်ညာဒေသများသို့ ရွှေ့ပြောင်းလေ့ရှိသည်။ **(အောက်ပုံ)** **အင်တာနက်။**





**သန်း ၇၀၀၀ မြောက် ကမ္ဘာ့လူသား အဖြစ် မွေးဖွားလာသူများတွင် တစ်ဦးအပါအဝင် ဖြစ်သော အိန္ဒိယနိုင်ငံ ဥတ္တာပရာဒေ့ရှ်ပြည်နယ်မှ နာဂစ် အမည်ရှိ မွေးကင်းစကလေးကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## သန်း ၇၀၀၀ မြောက် ကမ္ဘာ့လူသားအဖြစ်မွေးဖွားလာကြသူ ကလေးများအတွက် ကမ္ဘာတစ်ဝန်း အခမ်းအနားများကျင်းပ

မနီလာ အောက်တိုဘာ ၃၁

**မည်သည့်အချိန်တွင် ကမ္ဘာ့လူဦးရေသည် သန်းခုနစ်ထောင်ပြည့်မြောက်မည်ကို လူဦးရေဆိုင်ရာလေ့လာသူများအနေဖြင့် အတိအကျ သတ်မှတ်ခဲ့ခြင်းမရှိသော်လည်း အောက်တိုဘာ ၃၁ ရက်(တနင်္လာနေ့)အား လူဦးရေ သန်းခုနစ်ထောင်ပြည့်မြောက်မည့်နေ့အဖြစ် ကုလသမဂ္ဂက သတ်မှတ်ပေးခဲ့သည်။**

**သို့ရာတွင် ကမ္ဘာ့လူဦးရေ သန်းခုနစ်ထောင်ပြည့် အထိမ်းအမှတ်အခမ်းအနားများ ကမ္ဘာတစ်ဝန်း ကျင်းပခဲ့ကြသည့်နည်းတူ လူဦးရေပေါက်ကွဲမှုကြောင့် ကမ္ဘာကြီးအနေဖြင့် ပြဿနာအခက်အခဲများ ကြုံတွေ့ရမည့်အရေးကိုလည်း ပိုမိုစိုးရိမ်လာရပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။**

**လူဦးရေ သန်းခုနစ်ထောင် တင်းတင်းပြည့်မြောက်သည့် ကလေးကို မွေးဖွားခဲ့ပြီဖြစ်ကြောင်း ပထမဆုံး ကြေညာခဲ့သော နိုင်ငံမှာ ဖိလစ်ပိုင်နိုင်ငံဖြစ်သည်။ ဒန်နီကာမေကမာချို အမည်ရှိ အဆိုပါကလေးသည် မိန်းကလေးဖြစ်ပြီး မနီလာမြို့တော် ဟိုဆေးမာဘယ်လ်လာဆေးရုံ၌ ၎င်းအား မွေးဖွားခဲ့ခြင်းဖြစ်သည်။**

**ဒန်နီကာကို အောက်တိုဘာ ၃၀ ရက် သန်းခေါင်ယံမတိုင်မီ နှစ်မိနစ်အလိုတွင် မွေးဖွားခဲ့ခြင်းဖြစ်သော်လည်း အချိန်ကွာခြားမှုမများခြင်းကြောင့် အောက်တိုဘာ ၃၁ ရက် မွေးသူအဖြစ် သတ်မှတ်နိုင်ကြောင်း ဖိလစ်ပိုင်ဆရာဝန်များက ပြောကြားခဲ့သည်။**

**ယင်းအပြင် အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ် လက်ကနောင်းမြို့အနီး ကျေးရွာတစ်ရွာ၌ အောက်တိုဘာ ၃၁ ရက်တွင် မွေးဖွားခဲ့သော နာဂစ်အမည်ရှိကလေးတစ်ဦးကိုလည်း သန်းခုနစ်ထောင်မြောက် ကမ္ဘာ့လူသားအဖြစ် သတ်မှတ်ခဲ့ကြကြောင်း သတင်းများက ဖော်ပြထားသည်။**

အင်တာနက်။

# ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ပြည့်မြောက်

## ကျန်းမာပြီး ရေရှည်တည်တံ့သည့်ကမ္ဘာကြီးအဖြစ် ရပ်တည်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၃၁

**ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ပြည့်မြောက်ပြီ ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ပြည့်အထိမ်းအမှတ် အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က အဖွင့်အမှာစကားပြောကြားရာ၌ အခမ်းအနားကျင်းပရခြင်းမှာ မြန်မာနိုင်ငံရှိ ပြည်သူပြည်သားများက ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ပြည့်ခြင်းနှင့် လူသားများ အနေဖြင့် ဆင်းရဲ/ချမ်းသာခြင်း ကွာဟမှု ပြောင်းလဲလာခြင်းကို နားလည်သိရှိစေရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးအနေဖြင့် ကျန်းမာပြီး ရေရှည်တည်တံ့သည့် ကမ္ဘာ့မြေကြီးအဖြစ် ရပ်တည်နိုင်ရေးအတွက် မိမိတို့နိုင်ငံများ အလိုက် ပေးအပ်ထားသော ကတိကဝတ်များအား ပြန်လည်သတိရစေရန်နှင့် ဆင်းရဲချမ်းသာ ကွာဟမှု၊ မညီမျှမှုများကို နည်းလမ်းများရှာဖွေ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမှသာ အောင်မြင်မှာဖြစ်ကြောင်း ပြောကြားသည်။

### ကြိုဆို

ယင်းနောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Mohamed Abdel Ahad က အမှာစကား ပြောကြားပြီး ကမ္ဘာ့လူဦးရေသန်း ၇၀၀၀ မြောက် ကလေးငယ်အား ကြိုဆိုသည့် သီချင်းကို ကလေးများက သီဆိုကြကာ "A World of 7 Billions" ဗီဒီယို အစီအစဉ်ကို ပြသသည်။

### ဆုလက်ဆောင်ချီးမြှင့်

ဆက်လက်၍ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်း၌ မွေးဖွားခဲ့သည့် ကမ္ဘာ့လူဦးရေသန်း ၇၀၀၀ မြောက် ကလေးငယ်၏ မိဘများနှင့် ကလေးငယ်မွေးဖွားရာ၌ ကူညီပေးခဲ့ကြသော ကျန်းမာရေးဝန်ထမ်းများအား ဆုလက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Global Health Workforce Alliance Award for 2011 ဆုရရှိခဲ့သည့် တာချီလိတ်ခရိုင် မယ်ယန်း ကျေးလက်ကျန်းမာရေးဌာန လွယ်စတုံ ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးအား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်က ဂုဏ်ပြုဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်း၌ မွေးဖွားခဲ့သည့် ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ မြောက် ကလေးငယ်၏ မိဘများအား ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)




**ဂျပန်နိုင်ငံ အိုကာယားမားတက္ကသိုလ်မှ ကျန်းမာရေးဝန်ကြီးဌာနသို့ သုတေသန အထောက်အကူပြုပစ္စည်းများနှင့် ဘီးတပ်ကုလားထိုင် အလုံး ၂၀ လာရောက်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ဂျပန်နိုင်ငံ အိုကာယားမားတက္ကသိုလ်မှ ကျန်းမာရေးဝန်ကြီးဌာနသို့ သုတေသနအထောက်အကူပြု ပစ္စည်းများနှင့် ဘီးတပ်ကုလားထိုင်များ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃၁**

ဂျပန်နိုင်ငံ အိုကာယားမားတက္ကသိုလ်မှ ကျန်းမာရေးဝန်ကြီးဌာနသို့ သုတေသန အထောက်အကူပြုပစ္စည်းများနှင့် ဘီးတပ်ကုလားထိုင် အလုံး ၂၀ လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပရာ အိုကာယားမားတက္ကသိုလ်မှ Prof. Shigeru Okada ပေးအပ်လှူဒါန်းသည့် US$ 10000 ခန့်တန်ဖိုးရှိ သုတေသန အထောက်အကူပြုပစ္စည်းများနှင့် US$ 2040 ခန့်တန်ဖိုးရှိ ဘီးတပ်ကုလားထိုင်များကို ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်ကလက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

### ဆောက်လုပ်လှူဒါန်း

ထို့ပြင် ဆေးသုတေသနပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ သုတေသန အထောက်အကူပစ္စည်းများ ကူညီခြင်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နည်းပညာများ လေ့ကျင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ယခင်ကလည်း အိုကာယားမားတက္ကသိုလ်မှ ပါမောက္ခများ၊ သုတေသနပညာရှင်များ စုပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနငါးခုကို အသစ်ဆောက်လုပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁-၁၁-၂၀၁၁ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ သတ္တဌာန (ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၃၀ ၄။ "ကိုစိန်နဲ့ကိုယ်ဝန်ဆောင်မိခင်"
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၅း၁၅ ၈။ "ပညာရေးအဝေးသွားရန် မလိုတော့ပြီ"
- ၅း၂၅ ၉။ ထင်ရှားကျော်ကြားသီချင်းများ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ ကြမ္မာ" (ဒုတိယတွဲ) (အပိုင်း-၁၃)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ "ချိုမြိန်ရသာမုန့်ကမ္ဘာ"
- ၁၉။ **အိန္ဒိယရုပ်ရှင် "ထပ်မပြောပါနဲ့တော့" (အပိုင်း-၁)**
- ၂၀။ အစီအစဉ်ပြီး၏။

# "အေးချမ်းသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများ စာရင်းထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၃၁**

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "အေးချမ်းသာယာ ပြည်မြန်မာ" ဟူသော ခေါင်းစဉ်ဖြင့် စီစဉ်ကျင်းပခဲ့သည်။

အဆိုပါ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ နိုင်ငံတစ်ဝန်းမှ ဓာတ်ပုံပညာရှင် ၆၇ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံ ၃၁၈ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု ငွေးလွင်-နှင်းဝတ်ရည် (အမရပူရ)၊ ဒုတိယဆု စောအောင်မင်း A.M.P.S (နယူးအာရှဓာတ်ပုံ)၊ တတိယဆု ဦးဇော်မြင့်နိုင်တို့က ရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ဘိုသင်း(မန်းတက္ကသိုလ်)၊ ကိုကျော်ဆွေမိုး (ပြန်/ဆက်)၊ မာလာဝင်း၊ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)၊ ဘိုသင်း(မန်းတက္ကသိုလ်)တို့က ရရှိကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Myanmar Golden Rock International Co., Ltd. တို့က ဆုများ ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# သက်ကြီးရွယ်အိုများ စောင့်ရှောက်ကုသရေး အဆောင်အတွက် အလှူငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၁**

အင်းစိန်မြို့နယ် ခုတင်(၃၀၀) ဆံ့ သင်ကြားရေးနှင့်ကုသရေး အထွေထွေရောဂါကုဆေးရုံကြီးအတွင်း ဆောက်လုပ်ဆဲ သက်ကြီးရွယ်အိုများ စောင့်ရှောက်ကုသရေးအဆောင်အတွက် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၁ ရက်က အဆိုပါဆေးရုံ၌ ကျင်းပရာ ရှေ့ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက ဆောက်လုပ်ဆဲ သက်ကြီးရွယ်အိုများ စောင့်ရှောက်ကုသရေးအဆောင် ဆောက်လုပ်ရခြင်းကို ရှင်းလင်းပြောကြားကာ မြို့နယ်အတွင်းရှိ အလှူရှင် ၁၅၁ ဦးတို့က အလှူငွေကျပ် ၇၁၀၁၅၀၀ ကို လှူဒါန်းကြပြီး**(အောက်ပုံ)** လှူဒါန်းလိုသူများသည် အင်းစိန် အထွေထွေရောဂါကု ဆေးရုံအုပ်ကြီးထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



# ကောက်စောစပါး စံကွက်ရိတ်သိမ်း

**ရန်ကုန် အောက်တိုဘာ ၃၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေသည် လှည်းကူးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးကြီးကြပ်ကွပ်ကဲမှုအဖွဲ့များနှင့်အတူ အောက်တိုဘာ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၉၈၅-ခ) ကျွန်းကလေးတောင်ကွင်း ဦးပိုင်အမှတ်(၄/၁) တောင်သူဒေါ်ရှုခင် စိုက်ပျိုးထားသည့် ဆင်းသွယ်လတ်စပါးမျိုး သင့်အဆင့်အတန်းရှိ မိုးစပါး ဧရိယာ ၂ ဒသမ ၁၈ ဧကပေါ်တွင် စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)



**မြောက်ဥက္ကလာပမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူး၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၃ ရက်က ACA ပညာ့ရိပ်ငြိမ်ခန်းမ၌ ကျင်းပရာ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနာယက ဦးမြင့် (ကျိုက်လတ်မိုးမြင့်)က "နေဝင်ချိန်မစောစေဖို့" ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။**

(ကြေးမုံ)

# လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၁**

တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းက ဦးစီး၍ မူးယစ်ဆေးဖြတ်ပြီးသူများအား ရပ်ရွာအခြေပြု နောက်ဆက်တွဲစောင့်ရှောက်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး တွဲဖက်ဦးစီးအရာရှိ (လုပ်ငန်း/သင်တန်း) ဦးဝင်းမောင်က မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် မိသားစုဝင်များကြား ပြဿနာရပ်နှင့် ပြန်လည်ထူထောင်ပြီးနောက် ကြုံတွေ့ရမည့်အခြေအနေနှင့် ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နှင်းကြည်က လူမှုဝန်ထမ်းသမားတစ်ဦး၏ ထားရှိရမည့် စိတ်သဘောထားခေါင်းစဉ်ဖြင့် လည်းကောင်း၊ မန်နေဂျာ ဦးစိုးလှိုင်က စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး၏ အခြေခံသဘောတရားများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးထင်ကျော်မိုး(မြေလတ်ထင်ကျော်မိုး)က ကြီးကြပ်ရေးမှူးများ ကွင်းဆင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

## သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

# စာအုပ်စာပေ လှူမိတ်ဆွေ

**ချိုမြနွယ်**

နေ့စဉ်ထုတ်သတင်းစာများတွင် အဖြည့် (Filler) စာတန်းကလေးတစ်ခုကို ဟိုနေရာ၊ သည်နေရာ၊ ဟိုကြော်ငြာ၊ သည်ကြော်ငြာတွေကြားမှာ တွေ့ရတတ်သည်။ "စာအုပ်စာပေလှူမိတ်ဆွေ" ဆိုသည့် စာတန်းကလေးပါ။

၁၉၇၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ချုပ် (UNESCO) က ထိုနှစ်ကို "နိုင်ငံတကာစာအုပ်နှစ်" (INTERNATIONAL BOOK YEAR)အဖြစ် သတ်မှတ်လိုက်ပြီး BOOKS FOR ALL ဟူသော ဆောင်ပုဒ်ကိုလည်း စာအုပ်နှစ်အထိမ်းအမှတ် ပြဋ္ဌာန်းပေးခဲ့ပါသည်။

ထိုစဉ်က မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင်သည် မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာစာအုပ်နှစ်တွင် ပါဝင်ဆင်နွှဲသင့်သည်ဟု (၃၁-၇-၇၈) နေ့တွင် ကျင်းပသော အစည်းအဝေးတစ်ရပ်၌ ဆုံးဖြတ်ခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်အရ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင်တို့ ပူးပေါင်း၍ နိုင်ငံတကာ စာအုပ်နှစ်အခမ်းအနားကျင်းပရေး ကိစ္စများကို လုပ်ငန်းစဉ်များချမှတ်၍ စီစဉ်ခဲ့ကြပါသည်။ ထိုလုပ်ငန်းစဉ်များမှာ-

(၁) ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကျရောက်သော စာဆိုတော်နေ့ (မြန်မာသက္ကရာဇ် ၁၃၃၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်)ကို မဏ္ဍိုင်ပြု၍ ရှေ့သုံးရက် နောက်သုံးရက်ပါဝင်သော ရက်သတ္တပတ်ကို နိုင်ငံတကာ စာအုပ်နှစ်ရက်သတ္တပတ်ဟု သတ်မှတ်ရန်၊

(၂) အဆိုပါရက်သတ္တပတ်အတွင်း စာပေနှင့် စာအုပ်ထုတ်လုပ်မှုပြပွဲတစ်ရပ် ကျင်းပပေးရန်၊

(၃) ထိုရက်သတ္တပတ်အတွင်း၌ ရေးသူမှ ဖတ်သူသို့ (သို့မဟုတ်) ဆီလျော်သော အမည်တစ်ခုခုဖြင့် စာမူမှ စာအုပ်ဘဝသို့ ရောက်ရှိသည်အထိ ဆောင်ရွက်ရာတွင် ကာယ ဉာဏလုပ်သားကြီးများ၏ လုပ်အားမည်မျှပါဝင်သည်ကို သရုပ်ဖော်ထားသည့် မှတ်တမ်းတင်ရုပ်ရှင်ကားတစ်ကားကို ပြသရန်၊

(၄) စာအုပ်နှစ်ရက်သတ္တပတ်အတွင်း ရန်ကုန်တွင် စာအုပ်နှစ်အထိမ်းအမှတ် စုပေါင်းဟောပြောပွဲတစ်ရပ်ကို ကျင်းပပေးရန်၊

(၅) မြန်မာနိုင်ငံရှိ စာရေးဆရာအသီးသီးကလည်း အနယ်နယ်အရပ်ရပ်တွင် စာပေဟောပြောပွဲများ ပြုလုပ်ရန်၊

(၆) အဆိုပါ ရက်သတ္တပတ်အတွင်း မြန်မာ့အသံကလည်း စာအုပ်နှစ်အထိမ်းအမှတ်သီချင်းများ၊ စာပေဆွေးနွေးချက်များ၊ ဟောပြောချက်များနှင့် အသံလွှင့်ဇာတ်လမ်းတစ်ခုကို ထုတ်လွှင့်ပေးရန်၊

(၇) ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကျရောက်သော စာဆိုတော်နေ့၌ အမျိုးသားစာပေဆုနှင်းသဘင်ကို ကျင်းပပေးရန်၊

(၈) စာအုပ်နှစ်အထိမ်းအမှတ် စာအုပ်စာတမ်းအချို့ကို ရိုက်နှိပ်ထုတ်ဝေရန်၊

(၉) စာအုပ်နှစ်အထိမ်းအမှတ်ပွဲများ ကျင်းပနိုင်ရေးအတွက် လိုအပ်သော အကူအညီအချို့ကို ယူနက်စကိုအဖွဲ့ချုပ်သို့ မေတ္တာရပ်ခံ၍ ရယူရန်တို့ ဖြစ်ပါသည်။

အခမ်းအနားကျင်းပရေးကော်မတီ၏ ဥက္ကဋ္ဌမှာ ထိုစဉ်က သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းဖေ(ဆရာတက်တိုး)ဖြစ်ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် စာပေဗိမာန်၏ ညွှန်ကြားရေးမှူး ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)က ဆောင်ရွက်ခဲ့ပါသည်။ အဖွဲ့ဝင်များထဲတွင် ဦးသန်းထွဋ် (တိုက်စိုး)၊ ဦးသော်ကောင်း (Dr. ဦးသော်ကောင်း)၊ ဦးသောင်း (အောင်ဗလ)၊ ဦးသိန်း(ဇဝန)၊ ဦးစိုးမောင် (သာဂရစိုး)၊ ဦးဝင်းဖေ (မြဇင်)၊ ဦးမောင်မောင်ခင် (တက္ကသိုလ်မောင်မောင်ခင်)၊ ဦးလှမြိုင် (ကိုဆောင်း)၊ ဦးဝင်းမောင်(မင်းရှင်)၊ ဦးခင်(မောင်ချိုပြုံး)၊ ဦးမြင့်စိုး (ရုပ်ရှင်)၊ စာပေဗိမာန် စာတည်းချုပ် ဦးတင်အောင်၊ စာရေးဆရာသိပ္ပံဗထွေး၊ ဒေါ်တင်အေးကြည် (စာကြည့်တိုက်မှူး၊ နောင် စာတည်းမှူး)နှင့် အခြားဌာနဆိုင်ရာပုဂ္ဂိုလ်များ ပါဝင်ကြပြီး ဦးမြင့်ကြွယ် (စာရေးဆရာမောင်မြင့်ကြွယ်) ပြန်ကြားရေးဝန်ကြီးဌာနက အတွင်းရေးမှူး၊ ဦးလှဝင်း (လေသူရဲတစ်ဦး)၊ ဦးမျိုးသန့် (မောင်ဆုရှင်)နှင့် ဦးခင်ဦး(စာပေဗိမာန်)တို့က တွဲဖက်အတွင်းရေးမှူးများအဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။

ထိုကာလက မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင်ဥက္ကဋ္ဌမှာ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီး ဒေါက်တာညီညီဖြစ်ပါသည်။

ဆောင်းပါးအစပါ Books For All ဟူသော ဆောင်ပုဒ်ကလေးကို မြန်မာလို ပြန်ဆိုရေးသားရေးအတွက် ပြိုင်ပွဲတစ်ရပ်ကိုလည်း ကြိုတင်ခေါ်ယူကျင်းပခဲ့ပါသည်။ ပြိုင်ပွဲ၊ ပြပွဲနှင့် အခမ်းအနားကျင်းပရေးအတွက် အတွင်းရေးမှူးတာဝန်ယူသူ ဆရာဦးမြင့်ကြွယ်မှာ ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန အတွင်းဝန်ကလေးရာထူးကို အခေါ်အဝေါ်ပြောင်းထားသော အဖွဲ့ခွဲမှူးရာထူးဖြင့် တာဝန်ထမ်းဆောင်နေပြီး ကျွန်မတို့ဌာနခွဲ(၁)၏ Section Head ဌာနမှူးဖြစ်ပါသည်။

ကျွန်မသည် ဘွဲ့ရ အလုပ်ထဲရောက်စ အောက်တန်းစာရေးရာထူးမှာပဲ ရှိပါသေးသည်။ ကျောင်းမှာကတည်းက စာ၊ ကဗျာတွေရေးသားလာခဲ့၍ ဆရာက စာပေရေးရာကိစ္စများတွင် ကျွန်မကို အလျဉ်းသင့်သလို တာဝန်ပေးတတ်သည်။ သို့ဖြင့် စာအုပ်နှစ်ကျင်းပရေးကိစ္စများကိုလည်း ကျွန်မတို့ ရုံးအဖွဲ့ပင် ဝိုင်းကူရပါသည်။ ဆရာ ဦးမျိုးသန့်ကလည်း ရုံးမှာလာလာထိုင်ရင်း လိုအပ်သမျှဖြည့်ဆည်း၍ အကြံကောင်း ဉာဏ်ကောင်းများပေးတတ်သည်။ ဆရာနှစ်ယောက်လုံးမှာ ပျော်ပျော်နေတတ်သူများဖြစ်၍ ကျွန်မတို့ ပျင်းဖို့အချိန်ပင် မရလိုက်။ ဝင်စာ၊ ထွက်စာများ စနစ်တကျ ပြုစုထိန်းသိမ်းကြရာ စောစောက ဆောင်ပုဒ်ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာများ ရောက်လာမစဲ တဖွဲဖွဲဖြင့် စိတ်ပါဝင်စားသူ ၄၅၇ ဦးထံမှ ဆောင်ပုဒ်ပေါင်း ၁၉၉၉ ပုဒ် ရရှိခဲ့ပါသည်။

ဆရာဦးမြင့်ကြွယ်သည် နေ့စဉ် ဝင်လာသမျှစာများကို ကျွန်မစားပွဲပေါ် တင်ကာ ပုံပေးတတ်ပါသည်။

"ညည်း အဲဒီစာအိတ်တွေကို ဖောက်၊ တစ်ခုချင်း နံပါတ်ထိုး၊ ဖိုင်တွဲထားပြီး ကောင်းတာ၊ သင့်တာလေးတွေရွေးထား"ဟု ပြောသည်။ ပြိုင်ပွဲကန့်သတ်ရက်အပြီး နောက်တစ်နေ့တွင် "ကဲ. . ညည်းရွေးထားတာတွေထဲက အကောင်းဆုံး ၁၀ ခုလောက်ရွေးပေး၊ အစည်းအဝေးတင်ရအောင်. . "ဟု ဆရာက မှာသည်။ သို့ဖြင့် Books for All နှင့် အနီးစပ်ဆုံးဆောင်ပုဒ်၊ အဓိပ္ပာယ်ရော တန်းစီချရေးကာ ဆရာ့လက်ထဲ ထည့်လိုက်သည်။ အမည်၊ လိပ်စာတွေတော့ ဆရာက "လျှို့ဝှက်ထားပါ. . . "တဲ့။ "ဆရာ. . ကျွန်မတော့ ဒါလေးအကောင်းဆုံးပဲထင်တယ်" ဟု "စာအုပ်စာပေလှူမိတ်ဆွေ"ကို ထောက်ခံချက် ပေးမိသေးသည်။

သို့ဖြင့် ၉-၉-၁၉၇၂ရက်တွင်ကျင်းပသော ကော်မတီ၏ အစည်းအဝေးအပြီးတွင် သတင်းထုတ်ပြန်ကာ "စာအုပ်စာပေ လှူမိတ်ဆွေ"ဟူသောဆောင်ပုဒ်ကို ရေးသားပြန်ဆိုသူ ရန်ကုန်မြို့ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ဒုတိယမန်နေဂျာ(ရောင်းဝယ်ရေး) ဦးကိုကိုအား ဆုငွေ ၁၀၀ (တစ်ရာကျပ်)ချီးမြှင့်ရန် ကြေညာခဲ့ပါသည်။ ထို့အပြင် နိုင်ငံတကာစာအုပ်နှစ် ပိုစတာပြိုင်ပွဲကိုလည်း ခေါ်ထားရာ ပြိုင်ပွဲဝင်သူ ၁၂၇ ဦးထံမှရရှိသော ပိုစတာ ၁၆၁ ပုံကို စိစစ်ရွေးချယ်ခဲ့ပြီး ရန်ကုန်မြို့ ဆည်မြောင်းဦးစီးဌာနမှ ဒု-လက်ထောက်ဦးစီးမှူး ဦးဘိုကြည်ကို ဆုချီးမြှင့်ရန် ၂၈-၉-၁၉၇၂ ရက်အစည်းအဝေးက ဆုံးဖြတ်၍ ဆုငွေ ၃၀၀(သုံးရာကျပ်) ချီးမြှင့်ခဲ့ပါသည်။

သို့ဖြင့် ၁၉၇၂ ခုနှစ် နိုင်ငံတကာစာအုပ်နှစ်အခမ်းအနားကို ၂-၁၂-၁၉၇၂ ရက် နံနက် ၈ နာရီတွင် အင်ဖွိုင်းခန်းမ(တပ်မတော်ခန်းမ)၌ ဖွင့်လှစ်ခဲ့ပြီး ၃-၁၂-၁၉၇၂ မှ ၁၀-၁၂-၁၉၇၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီအထိ ဖွင့်လှစ်ပြသခဲ့ပါသည်။ ပြခန်းတွင် စာရေးဆရာကြီးများ၏ လက်ရေးမူများနှင့် ဓာတ်ပုံကြီးများ၊ ပေပုရပိုက်များ၊ တိုင်းရင်းသားဘာသာစာအုပ်များ၊ မြန်မာစာရေးဆရာများကိုယ်တိုင် ရေးသားသော နိုင်ငံခြားဘာသာစာအုပ်များ၊ ပုံနှိပ်လုပ်ငန်းသမိုင်း၊ မြန်မာနှင့် ကမ္ဘာ့စာကြည့်တိုက်များ မိုက်ကရိုဖလင်လုပ်ငန်း၊ မျက်မမြင်စာပေ၊ မြန်မာနိုင်ငံအကြောင်းစာအုပ်များ၊ မြစေတီကျောက်စာ(ပုံတူ) စသည့် စာအုပ်စာပေများ၊ ပုံနှိပ်လုပ်ငန်းအဆင့်ဆင့် တိုးတက်ပြောင်းလဲလာပုံ၊ လူငယ်လူရွယ်ကလေးများအတွက် ဉာဏ်စမ်းပဟေဠိများ၊ ရုပ်မြင်သံကြားပုံပြောခန်း စသည်ဖြင့် ခင်းကျင်းပြသခဲ့ရာ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူဆယ်သိန်းကျော်နှင့် ကျောင်းသား၊ ကျောင်းသူ ၄၀၀၀၀ ကျော် လာရောက်လေ့လာကြပါသည်။ စာပေထုတ်ဝေသူများကလည်း စာအုပ်ဆိုင်များ လာရောက်ဖွင့်လှစ်ပေးပြီး ၂၅ ရာခိုင်နှုန်းလျှော့၍ ရောင်းချပေးခဲ့ပါသည်။ (နိုင်ငံတကာစာအုပ်ပြပွဲကို မန္တလေးမြို့တွင်လည်း ၆-၁၂-၁၉၇၂ မှ ၁၁-၁၂-၁၉၇၂ ရက်အထိ မြို့တော်ခန်းမ၌ ကျင်းပခဲ့ပါသည်။)

ထိုပြပွဲကြီးမှမွေးဖွားခဲ့သော "စာအုပ်စာပေ လှူမိတ်ဆွေ" (Books For All) ဆိုသော ဆောင်ပုဒ်ကလေးသည် နှစ်ပေါင်း ၄၀ ရှင်သန်ခဲ့ပြီး ယခုလည်း စာကြည့်တိုက်ဖွံ့ဖြိုးရေး၊ လူတိုင်းစာဖတ်ရေးတို့အတွက် စာရေးသူ၊ တည်းဖြတ်သူ၊ ပုံနှိပ်သူ၊ ထုတ်ဝေသူများမှတစ်ဆင့် စာကြည့်တိုက်များရှိရာဆီ၊ ပြည်သူတို့လက်များဆီသို့ စီးဆင်းမှုသည် တစ်ဦးချင်း၏ ဘဝ၊ တစ်မျိုးသားလုံး၏ ဘဝမြင့်မားရေးသို့တိုင် အကျိုးပြုနိုင်ရေးကို စာပေချစ်သူတိုင်းက မျှော်လင့်လျက်ရှိပါသည်။

နိုင်ငံတကာစာအုပ်နှစ်၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခဲ့ကြသော ထိုစဉ်က စာပေလောကမှ စာပေကို မြတ်နိုးသူဆရာသမားတို့၏ စိတ်စေတနာပြည့်ဝစွာ ကြိုးပမ်းအားထုတ်ခဲ့မှုများ၊ စာရေးဆရာတို့၏ အရေးပါသော ဆောင်ရွက်လှုပ်ရှားမှုများ အများကြီးရှိပါသေးသည်။

ဤဆောင်းပါးဖြင့် ဆောင်ပုဒ်ကလေး၏ သမိုင်းကြောင်းကို သိမီသူတစ်ဦးအနေဖြင့် စာပေချစ်သူတို့ထံ မျှဝေအပ်ပါသည်။ ။

## သက်တမ်းကြာ မော်တော်ယာဉ်များအပ်နှံပြီး အစားထိုးယာဉ် တင်သွင်းခွင့်ရရှိရေးနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းနိုင်

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတော်က သက်တမ်းကြာမြင့်သော မော်တော်ယာဉ်များ အပ်နှံဖျက်သိမ်း၍ အစားထိုးယာဉ် တင်သွင်းခွင့်ရရှိရေးအတွက် သွင်းကုန်ပါမစ်များ ထုတ်ပေးလျက်ရှိသည်။

ယခုအခါ ပြင်ပစီးပွားရေးလောက၌ သတင်းအမျိုးမျိုးထွက်ပေါ်နေပြီး မဟုတ်မမှန်လုပ်ကြံထားသော စာရွက်စာတမ်းအတုများဖြင့် သတင်းအမှားများလည်း ထွက်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

အများပြည်သူတို့အနေဖြင့် ကောလာဟလသတင်းများနှင့်ပတ်သက်၍ မေးမြန်းခြင်း၊ မမှန်မကန် ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အသိပေးခြင်းများပြုလုပ်လိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၈၀၀၂၊ ၀၆၇-၄၀၈၂၁၆၊ ၀၆၇-၄၀၈၂၃၂၊ ၀၆၇-၄၀၈၃၁၆ နှင့် ၀၉-၈၃၀၀၃၂၀၊ ဖက်စ်-၀၆၇-၄၀၈၀၀၄ တို့သို့ လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၅၀၃၄ နှင့် ဖက်စ်-၀၆၇-၄၀၅၀၃၁ တို့သို့ လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဖုန်း-၀၁-၃၈၀၁၆၇၊၀၁-၃၈၂၀၈၃၊ ၀၁-၃၈၀၇၈၀၊ ၀၁-၂၅၀၅၀၇၊ ၀၁-၂၅၀၅၁၂၊ ၀၁-၃၉၁၄၃၀ လိုင်းခွဲ (၁၁၈)နှင့် ဖက်စ်-၀၁-၂၅၄၅၈၆၊ ၀၁-၂၅၀၅၀၇၊ ၀၁-၃၇၁၀၁၈ နှင့် ၀၁-၃၈၀၇၂၅ တို့သို့ လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။

(သတင်းစဉ်)



**အောက်တိုဘာ ၂၇ ရက်က ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နေ ဒေါ်ဝေလှက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရ ဆေးပဒေသာပင်အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။**

(သတင်းစဉ်)

## ပညာဂုဏ်ရောင် အလင်းဆောင်

## မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

**တောင်တွင်းကြီး အောက်တိုဘာ ၃၁**

ကျေးလက်နေပြည်သူများ အသိပညာ ဗဟုသုတများပြားလာခြင်းဖြင့် ကျေးလက်လူနေမှုဘဝ မြင့်မားလာပြီး ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြုသည့် စာအုပ်၊ စာစောင်များကို မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ လှူဒါန်းပွဲကို အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက တောင်တွင်းကြီးမြို့နယ် တရုပ်ဇကာအုပ်စု သဖန်းကုန်းကျေးရွာ အမေ့ဥယျာဉ်စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးက မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာအုပ်၊ စာစောင်များ လှူဒါန်းရခြင်းအကြောင်းနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းကိုယ်စား ငွေကျပ်တစ်သိန်းခန့်တန်ဖိုးရှိ သုတ၊ ရသစာအုပ် ၂၅၀ ကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ကိုကိုထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် အလှူရှင် ၂၉ ဦးတို့က ရေဒီယို လေးလုံး၊ ဂျာနယ်အစောင် ၅၈၀၊ သုတ၊ ရသစာအုပ် ၃၈ အုပ်၊ ဝတ္ထုစာအုပ် ၁၀ အုပ်၊ မဂ္ဂဇင်း ခုနစ်အုပ်၊ ကြေးမုံ၊ မြန်မာ့အလင်း၊ မြဝတီသတင်းစာ ၄၂၃ စောင်၊ ငွေပဒေသာပင်အဖြစ် ငွေကျပ် ငါးသောင်းတို့ကို စာကြည့်တိုက်ဥက္ကဋ္ဌ ဦးစိုးမြင့်ထံ ပေးအပ်လှူဒါန်းကြသည်။ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း အပါအဝင် အလှူရှင်များ လှူဒါန်းသည့် စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၂၉၅၉၀၀ ဖြစ်ကြောင်း သိရှိရသည်။ (၅၈၀)

## ရာစုဉဒါန်းစာကြည့်တိုက်နှစ်ပတ်လည် စာပေဟောပြော

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာ ရာစုဉဒါန်းစာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားအဖြစ် စာပေဟောပြောပွဲကို အဆိုပါ ရာစုဉဒါန်းစာကြည့်တိုက်၌ ကျင်းပရာ ဖိတ်ကြားထားသော ဧည့်သည်များ၊ စာပေပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ အစီအစဉ်အရ သဘာပတိနာယက ဦးသိန်းတန်၊ ဥက္ကဋ္ဌ ဦးရဲထွဋ်၊ အတွင်းရေးမှူး ဦးတင်မောင်ငွေတို့က အမှာစကားအသီးသီးပြောကြားကြပြီး စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ စာရေးဆရာကြီး ဆရာဦးအောင်သင်းက စာပေရေးရာများကို ဟောပြောခဲ့ရာ စာပေပရိသတ်များအကြိုက်ဖြစ်ခဲ့ကြောင်း သိရသည်။ (၆၀၈)



## ပြည်ခရိုင် ပန်းတောင်းမြို့နယ် နတ်မောက်ကျေးရွာ ရှေ့ဆောင်လူငယ်စာကြည့်တိုက် စာအုပ်၊ စာစောင်များလှူဒါန်း

**ပြည် အောက်တိုဘာ ၃၁**

ပြည်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းက ပြည်ခရိုင် ပန်းတောင်းမြို့နယ် နတ်မောက်ကျေးရွာအုပ်စု နတ်မောက်ကျေးရွာ ရှေ့ဆောင်လူငယ်စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်လှူဒါန်းပွဲကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဆန်းသစ်ဝင်းသဘော်ဆေးရောင်းဝယ်ရေး အမှတ်(၉၁) လက်သမားလမ်း ပြည်မြို့၌ ကျင်းပရာ ပြည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းက စာအုပ်၊ စာစောင်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး စာအုပ်၊ စာစောင်များကို လှူဒါန်းရာ ရှေ့ဆောင်လူငယ်စာကြည့်တိုက်ဥက္ကဋ္ဌ ဦးသန်းထွဋ်က လက်ခံရယူပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါလှူဒါန်းပွဲတွင် သုတ၊ ရသ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်၊ စာစောင် ၅၅၅ အုပ်၏ တန်ဖိုးငွေမှာ ကျပ်သုံးသိန်းကျော် ဖြစ်ကြောင်း သိရသည်။ (မြို့နယ် စာပေနှင့်စာနယ်ဇင်း)



**တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ နာယကဦးခင်မောင်ထွေး (စာရေးဆရာ ဒွါရာဝတီဦးမောင်ကြီး)က တောင်ကုတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရိုးမလှိုင်းစာကြည့်တိုက်အတွက် ငွေကျပ်တစ်သိန်းကျော် တန်ဖိုးရှိ စာအုပ်များကို အောက်တိုဘာ ၁၄ ရက်က လှူဒါန်းရာ တောင်ကုတ်ဒေသဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးကျော်တောင် လက်ခံစဉ်။** (ကြေးမုံ)

# အာမခံလုပ်ငန်းကို ပုဂ္ဂလိကသို့ဆောင်ရွက်ခွင့်ပြုရန် အလားအလာများရှိနေ

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံတွင် အစိုးရမှ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းအတော်များများကို ပုဂ္ဂလိကသို့ ဆောင်ရွက်ခွင့်ပြုလျက်ရှိရာတွင် အစိုးရပိုင်လုပ်ငန်းတစ်ခုဖြစ်သော အာမခံလုပ်ငန်းကိုလည်း ပုဂ္ဂလိကကဏ္ဍသို့ ဆောင်ရွက်ခွင့်ပြုသွားရန် အလားအလာများ ရှိနေကြောင်း အာမခံပညာရှင်များက သုံးသပ်ကြသည်။

နိုင်ငံပိုင်လုပ်ငန်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်များပြုခဲ့ပြီး လက်ရှိတွင် အစိုးရဌာနဖြစ်သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းက နိုင်ငံပိုင်အဖြစ် ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းကို နောင်တစ်ချိန်တွင် ပုဂ္ဂလိကကဏ္ဍမှ ဝင်ရောက်ဆောင်ရွက်လာမည့် အလားအလာများရှိနေကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် အစိုးရပိုင်ဖြစ်သည့်အတွက် ပုဂ္ဂလိကများကဲ့သို့ အမြတ်ရရှိရေးကို အဓိကဦးတည်ခြင်းမရှိဘဲ ငွေကြေးခိုင်မာမှု၊ အာမခံချက်အပြည့်အဝရှိမှုတို့ဖြင့် အားသာချက်များရှိကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ကျင်းပ ခဲ့သည့် အာမခံလျော်ကြေးများပေးအပ်ပွဲတွင် ရှင်းလင်းပြောကြားသည်။ ပုဂ္ဂလိကအပိုင်းမှ ဆောင်ရွက်လာပါကလည်း မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများကို ကြပ်မတ်ဆောင်ရွက်ပေးသွားမည်ဟု ၎င်းကပြောကြားခဲ့သည်။

"ပုဂ္ဂလိကကဏ္ဍ မြင့်တင်တဲ့အနေနဲ့ နိုင်ငံတော်က အစိုးရလုပ်ငန်းတော်တော်များများကို ပုဂ္ဂလိကကို လွှဲပြောင်းပေးအပ်နေတဲ့အနေအထားမှာ အာမခံလုပ်ငန်းလည်း အလားအလာတော့ရှိနေပါတယ်။ လောလောဆယ်တော့ ဘာမှမပြောနိုင်တဲ့ အနေအထားပဲ ရှိပါသေးတယ်။ ဒါပေမယ့် အစိုးရပိုင်အဖြစ် မြန်မာ့အာမခံလုပ်ငန်းအနေနဲ့ကတော့ အားသာချက်တွေရှိပါတယ်။ လျော်ကြေးပမာဏများလို့ မလျော်နိုင်ဘူးဆိုတာမရှိသလို ဒေဝါလီခံဖို့လည်းမရှိပါဘူး။ လျော်ကြေးငွေ စံချိန်တင်ခဲ့တဲ့နာဂစ်မှာလည်း လျော်ကြေးငွေတွေကို အမြန်ဆုံးပေးလျော်ပေးနိုင်ခဲ့ပါတယ်။ အာမခံအမြင်ပျံ့နှံ့အောင်နဲ့ အာမခံထားရှိရာမှာ လွယ်ကူအောင်၊ လုပ်ထုံးလုပ်နည်းတွေမြန်ဆန်အောင် ဆောင်ရွက်ပေးခဲ့ပြီး လျော်ကြေးငွေကိုလည်း မြန်နိုင်သမျှ မြန်အောင် ပေးလျော်ခဲ့ပါတယ်။ နိုင်ငံတကာမှာတော့ အာမခံမပါရင် အလုပ်မလုပ်ကြပေမယ့် ဒီမှာတော့ အာမခံထားရှိဖို့အတွက်ကို စည်းရုံးနေရတဲ့ အနေအထားတွေပဲ ရှိပါသေးတယ်" ဟု မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

မြန်မာ့အာမခံလုပ်ငန်းသည် အာမခံအမျိုးအစားပေါင်း ၄၀ ကျော်ကို မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ရုံးခွဲပေါင်း ၂၀ မှ ဝန်ဆောင်မှုပေးလျက်ရှိသည်။ နိုင်ငံခြားငွေဖြင့် တစ်ဆင့်အာမခံထားရှိခြင်းကိုလည်း ဆောင်ရွက်နိုင်ပြီး ပြည်ပကုမ္ပဏီများကလည်း မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံထားရှိမှုများရှိကြောင်း သိရသည်။ ယခုနှစ်တွင် ဘဏ်များ၌ အပ်ငွေများ ထားရှိကြသူများအတွက် လုံခြုံစိတ်ချရမှုများ ပိုမိုရရှိနိုင်မည့်အပ်ငွေအာမခံ Deposit Insurance ကို စတင်ဝန်ဆောင်မှုပေးခဲ့သည်။

(၀၀၁)



# မထသခရီးသည်တင်ယာဉ်အချို့ပေါ်တွင် ခရီးသည်များကို မထီမဲ့မြင်ပြုသော စာများကပ်ထား

**ရန်ကုန် အောက်တိုဘာ ၃၁**

ခရီးသည်တင်ယာဉ် အချို့ပေါ်တွင် သက်ဆိုင်ရာ ယာဉ်လိုင်းအဖွဲ့အစည်းက ညွှန်ကြားထားသော ညွှန်ကြားချက်များနှင့်မသက်ဆိုင်သည့် စာများကို ကပ်ထားမှုများရှိလာပြီး အချို့သောစာများမှာ ခရီးသည်များကို မထီမဲ့မြင်ပြုမှုသကဲ့သို့ ဖြစ်နေသည်ကို မြင်တွေ့ရသည်။

မထသ(မြို့တွင်း)၏ စီမံမှုအောက်တွင်ရှိသော မထသ (၂၁၀) ယာဉ်လိုင်းတွင် "အမြန်လိုလျှင် စီးလုံးငှားပါ" ဆိုသည့် ရေးသားမှုမျိုးကို ဌာနမှညွှန်ကြားစာများနှင့် ရောနှော ကပ်ထားသည်ကို အောက်တိုဘာ ၂၆ ရက်တွင် မြင်တွေ့ခဲ့ရသည်။**(အပေါ်ပုံ)**

**ကြာမြင့်စွာရပ်တန့်**

ထိုယာဉ်လိုင်းမှာ ကြည့်မြင်တိုင်မြို့နယ် ဟံသာဝတီနှင့်သာကေတမြို့နယ် ကျောက်တိုင်အနီးသို့ ပြေးဆွဲသောလိုင်းဖြစ်ပြီး ကြည့်မြင်တိုင်ဘက်သို့အပြန် မှတ်တိုင်တိုင်းလိုလို၌ ကြာမြင့်စွာရပ်တန့်၍ ခရီးသည် စောင့်ဆိုင်းခေါ်ယူမှုများခြင်းကြောင့် ဆက်ဆံရေးမပြေပြစ်သော ယာဉ်လုပ်သားအချို့နှင့် ခရီးသည်တို့ စကားအချေအတင်များခဲ့ခြင်းများလည်းရှိခဲ့သည်။

**စစ်ဆေးအရေးယူ**

"ဒီလိုမျိုးမဆိုင်တဲ့စာတွေ ယာဉ်ပေါ်မှာကပ်ထားတာ ခရီးသည်တွေကို စော်ကားနေသလိုပါပဲ။ ငါတို့ဘာသာငါတို့ ဘယ်လိုမောင်းမောင်း ဘာဖြစ်လဲဆိုတဲ့ ပုံစံမျိုးဖြစ်နေတယ်။ ကိုယ့်ရဲ့ထမင်းရှင်ဆိုတဲ့စိတ်နဲ့ သဘောထားပြီး ခရီးသည်တွေကို ဝန်ဆောင်မှုပေးရင် ဒါမျိုးတောင်မှ ကပ်မှာမဟုတ်ဘူး"ဟု ယင်းစာကပ်ထားခြင်းကို မြင်တွေ့ရသည့် ခရီးသည်တစ်ဦးက ပြောသည်။ ထိုသို့ လုပ်ဆောင်မှုများအတွက် ထိရောက်စွာ စစ်ဆေးအရေးယူပါက ဝန်ဆောင်မှုကောင်းများ ဖြစ်ထွန်းလာမည့် အခြေခံကောင်းများရရှိလာစေမည်ဟုလည်း ခရီးသည်အချို့က သုံးသပ်ပြောကြားကြသည်။

(၆၈၀)

# ပွံ့ဖြိုးလာသော လားရှိုးမြို့မှ ပုဂ္ဂလိက ငါးမွေးမြူရေးလုပ်ငန်းများ

**သတင်းမှတ်စုနှင့် ဓာတ်ပုံ ရာမညသွေးမွန်**

မြန်မာနိုင်ငံသည် သဘာဝရေမြေအခြေအနေအရ ကမ်းနီး ကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်းတို့ကို ကောင်းမွန်စွာ လုပ်ကိုင်နိုင်စွမ်းရှိပါသည်။ လူတို့ ဝယ်ယူစားသုံးမှုအရ တစ်နိုင်တစ်ပိုင် လုပ်ကိုင်နေခဲ့ရာ ယခုအခါ တောင်ပေါ်ဒေသဖြစ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင်လည်း အများအပြား မွေးမြူလာကြသည်။

ပရိုတင်းဓာတ်ပေးနိုင်သော အာဟာရအဖြစ် ငါးကို မြန်မာများ ခုံခုံမင်မင်ဖြင့် အမျိုးမျိုး ချက်ပြုတ်စားသုံးကြသည်။ ကျွမ်းကျင်သူတစ်ဦးက ၁၉၉၅ ခုနှစ်တွင် လူတစ်ယောက်လျှင် ငါး ၁၇ ကီလိုဂရမ်သာ စားသုံးခဲ့ရာမှ ၂၀၀၉ ခုနှစ်တွင် သုံးဆနီးပါးတိုးကာ ၄၆ ကီလိုဂရမ်အထိ တိုးတက်စားသုံးလာကြကြောင်း ဖော်ပြထားသည်။ ဤကိန်းဂဏန်းအရ မြန်မာများ ငါးကို အသားထက် နှစ်ဆ စားသုံးလာကြောင်း သိရသည်။

တောင်ပေါ်ဒေသများသည် ပင်လယ်ကမ်းရိုးတန်း ငါးဖမ်းလုပ်ငန်းများမှ မပုပ်မသိုးစေရန် ရေခဲရိုက်၊ အအေးခန်း ကားများဖြင့် ပေးပို့ရောက်ရှိမှုသာ အားထားစားသုံးခဲ့ကြရသည်။

လားရှိုးမြို့တွင် ရန်ကုန်၊ မန္တလေးမှ ငါးသားပေါက်များ မှာယူကာ ဒေသမှ တစ်နိုင်တစ်ပိုင် ပုဂ္ဂလိက ငါးမွေးမြူကြသူများသို့ ဖြန့်ချိရောင်းချနေသော စီးပွားရေးလုပ်ငန်းရှင် ကိုဇော်ဦးက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင်သာမက အခြားသောမြို့များသို့ပါ ငါးသားပေါက်များ ဖြန့်ချိရောင်းချပေးနေရကြောင်း ပြောသည်။

မြန်မာနိုင်ငံတွင်သားဖောက်ကာ အသားတိုး မွေးမြူသူများသော မွေးမြူရေးငါး ၁၅ မျိုးအနက် ယခုအများဆုံး မှာယူရောင်းချဖြန့်ချိပေးနေရသော ငါးများမှာ မြက်စားငါးကြင်း၊ ရွှေဝါငါးကြင်း၊ တီလားဗီးယားငါးများဖြစ်ကြောင်း သိရသည်။ ငါးသားပေါက်ဈေးနှုန်းမှာ ပုံသေသတ်မှတ်မရ၊ ဝယ်ယူစရိတ်၊ မှာယူရသော ဈေးနှုန်းပေါ်မူတည်၍ အရွယ်အစား တစ်လက်မ၊ နှစ်လက်မ စသည်ဖြင့် ဈေးနှုန်းများ ကျသင့်တတ်ကြောင်း ကိုဇော်ဦးက ရှင်းပြသည်။

ငါးမွေးမြူသူများမှာ အခြားသော ကြက်၊ ဘဲ၊ ဝက် မွေးမြူကြသူများကဲ့သို့ ရောဂါဘယ ကျရောက်ဖြစ်ပွားနှုန်း အလွန်နည်းသည်။ ရင်းနှီးမြှုပ်နှံမှု၏ သုံးပုံ နှစ်ပုံ သေချာသော အမြတ်ကို ရရှိနိုင်ကြောင်း ဆိုသည်။ သို့သော်လည်း ဂရုတော့စိုက်ရသည်။ ကိုဇော်ဦး၏ ငါးသားပေါက်များထားရာ ယာယီရေလှောင်ကန်များရှိ ငါးသားပေါက်များကို ကြည့်ရှုရာတွင် နေ့စဉ်မျက်ခြည်မပြတ် စောင့်ကြည့်ရန်လိုအပ်ပြီး အစာပုံမှန်ကျွေး၊ အောက်ဆီဂျင် ပြတ်လပ်မှုမရှိစေရေး မမေ့မလျော့ကြည့်ရှုနေရကြောင်း သိရသည်။



**မွေးမြူရေးငါးသားပေါက်များ ဖြန့်ချိပေးသော ဦးဇော်ဦး၏ ယာယီငါးသားပေါက် လှောင်ကန်များကို တွေ့ရစဉ်။**

# မန္တလေးတိုင်းဒေသကြီး ဆိတ်မွေးမြူရေးဇုန်သတ်မှတ် ကျေးရွာတစ်ရွာ ၁၀ ဦးနှုန်း ချေးငွေထုတ်ပေး

**မန္တလေး အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီးတွင် မြို့နယ် ၂၈ မြို့နယ် ရှိသည့်အနက် မြို့နယ် ၁၈ မြို့နယ်တွင် ဆိတ်မွေးမြူရေးအထူးဇုန်များ သတ်မှတ်ပြီး ဆင်းရဲမှုလျှော့ချရေး ဆိတ်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် ငွေကျပ် သိန်း ၁၂၅၀ ကို တစ်နှစ်တာ ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကျေးရွာတစ်ရွာ ၁၀ ဦးနှုန်းဖြင့် အစုအဖွဲ့ဖွဲ့စည်းပြီး ဝိုင်းကြီးချုပ်ပုံစံဖြင့် ထုတ်ချေးရန် စီစဉ်ထားသည်။

ဆိတ်တစ်ကောင် ကျပ် ၂၅၀၀၀ သတ်မှတ်ပြီး ဆိတ်ငါးကောင် မွေးမြူနိုင်ရန် လူတစ်ဦး ကျပ် ၁၂၅၀၀၀ ထုတ်ချေးမည်ဖြစ်ပြီး အရွယ်ရောက်ပြီး ဆိတ်များ မွေးမြူရမည်ဖြစ်သည်။ ဆိတ်သည် တစ်နှစ်လျှင် သားနှစ်ကြိမ်မွေးသည်။ မန္တလေးတိုင်းဒေသကြီး ရာသီဥတုနှင့် သင့်လျော်ပြီး ငွေရလွယ်သော မွေးမြူရေးလုပ်ငန်းဖြစ်သည်။

ချေးငွေအတိုးနှုန်းမှာ နှစ်ကျပ် ပြား ၅၀ ဖြစ်ပြီး တစ်ကျပ်ကို ချေးငွေစိုက်ထုတ်သူများအားပေးအပ်၍ ကျန် တစ်ကျပ် ပြား ၂၀ ကို ကျေးရွာ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပေးလှူမည်ဖြစ်သည်။ ကျန် ပြား ၃၀ မှာ ဆောင်ရွက်သူ၏ လုပ်အားစရိတ်အဖြစ် ခွဲဝေသွားမည်ဖြစ်သည်။

ဆိတ်မွေးမြူရေးဇုန် မြို့နယ်များတွင်လည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ရောဂါကာကွယ်ကုသခြင်း ရက်တိုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(၆၅၃)

# မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်မတော်တဆမှု ရာခိုင်နှုန်းအများစုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၃၁

**ယာဉ်မတော်တဆ ဖြစ်ပွားမှုရာခိုင်နှုန်းအများစုမှာ ယာဉ်မောင်းသူများအားနည်းချက် (သို့မဟုတ်) မဆင်မခြင် မောင်းနှင်မှုကြောင့် အဓိကဖြစ်ပွားရကြောင်း သိရသည်။**

အဆိုပါ အဓိကဖြစ်ပွားရာ အကြောင်းရင်းများတွင် အာရုံလွင့်ပါးနေခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ အရက်သေစာ၊ မူးယစ်ဆေးသောက်သုံး မောင်းနှင်ခြင်း၊ ပင်ပန်းနွမ်းနယ်နေစဉ် မောင်းနှင်ခြင်း၊ ရန်လိုမောင်းနှင်ခြင်း၊ မောင်းနေစဉ် ဒေါသထွက်ခြင်း၊ မီးနီဖြတ်သန်းမောင်းနှင်ခြင်း၊ လမ်းညွှန်အမှတ်အသားများ ဂရုမစိုက်ခြင်း စသည်တို့ကြောင့် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေးကို ရည်ရွယ်၍ ရန်ကုန်မြို့အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးစီမံချက် (၂၀၁၀-၂၀၁၁) ကို ရေးဆွဲဆောင်ရွက်ခဲ့ပြီး ယာဉ်မောင်းသူ၏ အားနည်းချက် (သို့မဟုတ်) မဆင်မခြင် မောင်းနှင်မှုကြောင့် လည်းကောင်း၊ ယာဉ်၏ ချွတ်ယွင်းမှု၊ လမ်းများ ချွတ်ယွင်းမှု၊ ရာသီဥတုတို့ကြောင့်လည်း ယာဉ်မတော်တဆဖြစ်ရသည်ကို ယင်းစီမံချက်တွင် တွေ့ရှိရခြင်းဖြစ်ကြောင်း သိရသည်။ မထသ (ဗဟို)၏ စီမံမှုအောက်ရှိ ခရီးသည်တင်ယာဉ်များမှ ဩဂုတ်လကုန်အထိ ယာဉ်မတော်တဆမှု ၃၆ မှုဖြစ်ပွားကာ သေဆုံးသူ ၁၀ ဦး၊ ဒဏ်ရာရရှိသူ ၃၂ ဦး ရှိခဲ့ပြီး စက်တင်ဘာလဆန်းတွင် ယာဉ်မတော်တဆမှု သုံးမှုဖြစ်ပွားကာ တစ်ဦးသေဆုံး၍ ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလဆန်းကာလအထိ စုစုပေါင်း ယာဉ်မတော်တဆမှု ၂၄၃ မှု ဖြစ်ပွားကာ ၇၄ ဦးသေဆုံး၍ ၇၉၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)



**ရန်ကုန်မြို့ အင်းစိန်မြို့နယ် သာသနနုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်ပွဲကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး (စုပေါင်းရုံးဝင်း)၌ ကျင်းပရာ တိုင်းသာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကျော်ခင်မြင့်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ ခရိုင်သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးထိန်ဝင်း၊ မြို့နယ်သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသောင်းကြည်တို့ အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြစဉ်။** (ကြေးမုံ)

# မိတ္ထီလာတွင် ထောက်ပံ့ငွေပေးအပ်

**မိတ္ထီလာ အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်း စစ်မှုထမ်းဟောင်းများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပကြောင်း သိရသည်။

"အသက်(၇၅)နှစ်အထက် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၂ ဦး၊ မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ကိုးဦး၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်တဲ့ ကျောင်းသားနှစ်ဦးကို ထောက်ပံ့ငွေပေးအပ်တာပါ။

ဒီလိုထောက်ပံ့ ပေးအပ်နိုင်ဖို့အတွက် စစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)က ငွေကျပ် ၉၉၀၀၀၀၊ တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့(စည်ပင်ပြင်ပ)က ငွေကျပ် ၃၆၀၀၀၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၂၇၀၀၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၆၂၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့တာပါ။ နှစ်စဉ် ဒီလိုထောက်ပံ့ငွေပေးအပ်ပွဲကို ပြုလုပ်ပြီး အဖွဲ့ဝင်တွေနဲ့ အဖွဲ့ဝင်သား၊ သမီး ပညာထူးချွန်သူတွေကို ဂုဏ်ပြုထောက်ပံ့ပြီး သူတို့ရဲ့ ဘဝအခက်အခဲကို ဖြည့်ဆည်းကူညီပေးခြင်းဖြစ်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် ထောက်ပံ့ငွေပိုမိုတိုးမြှင့်ပေးနိုင်ဖို့ ကြိုးစားဆောင်ရွက်သွားမှာပါ"ဟု မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးတင်မောင်ဌေး(ငြိမ်း)က ပြောကြားသည်။

(၅၇၉)



# တောင်တွင်းကြီး နွားပွဲဈေးကျွဲ၊ နွားများ အရောင်းအဝယ်ကောင်း

**တောင်တွင်းကြီး အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဘိုကုန်းကျေးရွာ၌ အပတ်စဉ်သောကြာနေ့တိုင်း ပြုလုပ်သော နွားပွဲဈေး၌ ကျွဲ၊ နွားများ အရောင်းအဝယ်ကောင်းလျက်ရှိသည်။ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ မကွေးမြို့နယ်များရှိ ကျေးရွာအချို့ရှိ တောင်သူများက တစ်ပတ်တစ်ကြိမ်ပြုလုပ်သည့် နွားပွဲ ဈေးသို့ ကျွဲ၊ နွားများလာရောက်ရောင်းချရာ စက်တင်ဘာ နောက်ပိုင်းမှသာ ဈေးကောင်းရရှိခြင်းဖြစ်သည်။ ထိုသို့ အရောင်းအဝယ်ဖြစ်သည့် ကျွဲနွားများဈေးကောင်းရခြင်းမှာ မိုးစပါးရိတ်သိမ်းချိန် တောင်သူများ ခိုင်းရန်ဝယ်ယူချိန်နှင့် သားသတ်လိုင်စင်ရှိသူများ ဈေးပြိုင်ဝယ်ယူခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။ (၅၈၀)



**အလုပ်သမားဝန်ကြီး ဌာနနှင့် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏အထူးအကြံပေးပုဂ္ဂိုလ်နှင့်ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**(သတင်းစဉ်)

# အထူးအယူခံခုံရုံး ပြစ်မှုအထူးအယူခံမှု ၁၀ မှု စီရင်ချက်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးစိုးညွန့်နှင့် ဦးမြင့်ဟန်တို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုအထူးအယူခံမှု ၁၀ မှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် တရားမ အထူးအယူခံမှု ခုနစ်မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဦးအောင်ကြည်တို့အား ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ယင်းဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးကြသည်။

အလားတူ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် အဖွဲ့သည် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာနရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများ၊ တိုးတက်ဖြစ်ပေါ် ပြောင်းလဲလာမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တည်ခင်းဧည့်ခံ**

ညပိုင်းတွင် သင်္ဂဟဟိုတယ်၌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

# မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၃၁**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေယာယီညှိနှိုင်းရေးမှူး ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh M. Shrestha နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် နေပြည်တော်သို့ ဆက်လက်ထွက်ခွာကြသည်။ (သတင်းစဉ်)

# နယ်စပ်ရေးရာဝန်ကြီးဌာနက မကွေးတိုင်းဒေသကြီးရှိ ရေဘေးသင့်ဒေသလမ်းပိုင်းဆိုင်ရာများ ပြင်ဆင်ပေး

နေပြည်တော် အောက်တိုဘာ ၃၁

**အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မကွေးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပခုက္ကူမြို့နယ်၊ မြိုင်မြို့နယ်၊ ပေါက်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်များရှိ မြို့ပေါ် ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာ ၉၅ ရွာတို့တွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရာ အောက်တိုဘာ ၃၁ ရက်အထိ ရရှိသည့် စာရင်းများအရ လူသေဆုံး/ပျောက်ဆုံး ၁၆၁ ဦး၊ အိမ်ထောင်စု ၂၆၅၇ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး ဘုန်းကြီးကျောင်း ငါးကျောင်း၊ ဓမ္မာရုံ လေးခု၊ စာသင်ကျောင်း ရှစ်ကျောင်း၊ တိရစ္ဆာန်မျိုးစုံကောင်ရေ ၂၉၂၇ ကောင် ပျက်စီးဆုံးရှုံးခဲ့ရာ စုစုပေါင်းတန်ဖိုး ၁၅၂၂ ဒသမ ၉၅ သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။**

အဆိုပါရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာ ကူညီနိုင်ရေးအတွက် ပျက်စီးသွားသော လမ်းပိုင်းများအား ဆက်သွယ်သွားလာနိုင်ရန် နယ်စပ်ရေးရာဝန်ကြီးဌာနက စက်ယန္တရားကြီးများဖြင့် လမ်းဖောက်လုပ်ပြင်ဆင်ပေးလျက်ရှိရာ ဆိပ်ဖြူမြို့နယ်အတွင်း ဆောင်ရွက်ရန် လမ်း (၄၆/၆)မိုင် ရှိသည့်အနက် (၃၈/၂)မိုင်၊ ပေါက်မြို့နယ်အတွင်း ဆောင်ရွက်ရန် လမ်း (၇၅/၀)မိုင်အနက် (၈/၄) မိုင် အသီးသီးဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သဖြင့် ယခုအခါ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ပေးလျက်ရှိပြီး ကျန်လမ်းများကိုလည်း အမြန်ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရေဘေးသင့်ကျေးရွာများရှိ စက်ရေတွင်းများကိုလည်း သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက လိုက်လံပြင်ဆင်ပေးလျက်ရှိရာ စုစုပေါင်း ရေတွင်း ၇၈၁ တွင်းအနက် တွင်း ၁၈၀ ပြင်ဆင်သုံးစွဲနိုင်ခဲ့ပြီး ကျန်တွင်းများ အမြန်ပြင်ဆင်ပြီးစီးရေးကိုလည်း အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများသို့ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အထောက်အပံ့ပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိကြရာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ အမေရိကန်ဒေါ်လာ ၂၆၁၆၂၀ တန်ဖိုးရှိ ဆန်အိတ် ၆၈၀၀၊ ဆီ ၁၈၃၉၀ ပိဿာ၊ ပဲ ၃၆၈၂၈ ပိဿာ၊ ဆား ၃၂၈၅ ပိဿာကို လည်းကောင်း၊ ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှ အမေရိကန်ဒေါ်လာ ၅၃၇၈၂ တန်ဖိုးရှိ Bleaching Powder ၅၀၀ ကီလိုဂရမ်၊ ရေသန့်ဆေးပြား ၄၄၀၀၀၀ ပြား၊ Water Guard ပုလင်း ၂၂၀၀ လုံး၊ အိမ်သာခွက်နှင့် ပိုက်အစုံ ၂၂၀၀၊ ကာဘော်လစ်ဆပ်ပြာ ၂၂၀၀၀ တောင့်၊ Water Family Kit ၂၂၀၀ စုံ၊ ရေဂါလန် ၄၀၀ ဆံ့ ဖိုင်ဘာရေလှောင်ကန် လေးလုံးကို လည်းကောင်း၊ Bridge Asia Japan (BAJ) မှ ငွေကျပ် ၃၄ ဒသမ ၆ သိန်းတန်ဖိုးရှိ အစားအစာနှင့် အိမ်သုံးပစ္စည်းများဖြစ်သော ဆီ ၂၈၇ ပိဿာ၊ ခေါက်ဆွဲခြောက် ၃၄၄၂ ထုပ်၊ ဆား ၁၆၄၂ ပိဿာ၊ ငါးသေတ္တာ ၈၂၀ ဘူးနှင့် ဘီစကွတ်၊ ဆပ်ပြာ၊ ဒန်အိုး၊ ဓာတ်မီး၊ ဓာတ်ခဲ၊ စတီးဇလုံ၊ တီရှပ်တို့ကိုလည်းကောင်း ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ပခုက္ကူခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စေတနာရှင်ပြည်သူများအနေဖြင့်လည်း သက်ဆိုင်ရာ အစိုးရအဖွဲ့ရုံးများတွင် သွားရောက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**နယ်စပ်ရေးရာဝန်ကြီး ဌာနက ပခုက္ကူခရိုင် ရေဘေးသင့် ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းများ တူးပေးစဉ်။**

(သတင်းစဉ်)

# ပခုက္ကူခရိုင်အတွင်းရှိ ရေဘေးသင့်ဒေသများအား တပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၁**

မုံရွာတပ်နယ်ရှိ တပ်မတော်သားများသည် အောက်တိုဘာ ၃၀ ရက်တွင် ပခုက္ကူမြို့နယ် ချိုက်ကျေးရွာ၌ ကျေးရွာစာသင်ကျောင်းအတွင်း နုန်းမြေများ ရှင်းလင်းခြင်း၊ လဲကျနေသော သစ်ပင်များအား ရှင်းလင်းဖယ်ရှားခြင်း၊ အဆောက်အအုံများအတွင်းနှင့် ကျေးရွာလမ်းများပေါ်ရှိ နုန်းမြေများ ဖယ်ရှားရှင်းလင်းခြင်း၊ ပြိုကျပျက်စီးနေသည့် လူနေအိမ်များအား ပြန်လည်ပြုပြင်ပေးခြင်းနှင့် အဆောက်အအုံများအား ပြန်လည်ရှင်းလင်းတည့်မတ်ပေးခြင်း လုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရွှံ့ညွှန်များ ဝင်ရောက်ပြီး ပိတ်ဆို့နေခဲ့သော ချိုက်ကျေးရွာ အလယ်တန်းကျောင်းအား ယနေ့ ပြန်လည်ဖွင့်နိုင်ခဲ့ပြီဖြစ်သည်။

ထို့ပြင် နယ်လှည့် တပ်မတော်ဆေးကုသရေးအဖွဲ့က ချိုက်ကျေးရွာ မြစည်းခုံဓမ္မာရုံတွင် မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းကာ ယာယီဆေးကုသရေးစခန်းဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ပေးခဲ့သည်။



**မုံရွာတပ်နယ်နှင့် ပခုက္ကူတပ်နယ်တို့မှ တပ်မတော်သားများ လူနေအိမ်များ ပြန်လည်ပြုပြင်ပေးစဉ်။**

(သတင်းစဉ်)

ထို့အတူ ဆိပ်ဖြူမြို့နယ် အနောက်ကမ်းဖြူကျေးရွာတွင်လည်း မိတ္ထီလာတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ကျေးရွာအထက်တန်းကျောင်းခွဲအတွင်း ရွှံ့ညွှန်များ ဖယ်ရှားရှင်းလင်းခြင်း၊ ကျောင်းဝင်းအတွင်း ပြိုလဲနေသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ပေးမှုကြောင့် ယနေ့တွင် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့အပြင် နယ်မြေခံတပ်မတော်ဆေးတပ်ရင်းကလည်း အနောက်ကမ်းဖြူကျေးရွာမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ သောက်သုံးရေကန်များအတွင်း ရေသန့်ဆေးခတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ပေါက်မြို့နယ် ချောင်းနားကျေးရွာတွင်လည်း မုံရွာတပ်နယ်မှ နယ်မြေခံ တပ်မတော်သားများက ရွာလယ်လမ်းများပြုပြင်ခြင်းနှင့် မူလတန်းကျောင်းဝင်းအတွင်း မြေဖို့ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြပြီး နယ်လှည့်တပ်မတော် ဆေးကုသရေးအဖွဲ့ကလည်း ယာယီဆေးခန်းဖွင့်လှစ်ကာ ဒေသခံပြည်သူများအား ကျန်းမာရေး ဆေးအကာအကွယ်ပေးမှုများကို ဆောင်ရွက်ပေးကြသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းအနေဖြင့် ပခုက္ကူမြို့ ကျွဲတဲအုပ်စု စွန်သိုက်ရွာသစ်ကွင်းတွင် မုံရွာတပ်နယ်နှင့် ပခုက္ကူတပ်နယ်တို့မှ တပ်မတော်သားများသည် စုစုပေါင်း ယာယီရွက်ဖျင်တဲ ၂၈၁ လုံး ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရမည်းသင်းမြို့ ကထိန်ပွဲတော်ဖွင့်ပွဲကျင်းပ

**ရမည်းသင်း အောက်တိုဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ (၇၇)နှစ်မြောက် မြို့လုံးကျွတ်မဟာဘုံကထိန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက် ၈ နာရီတွင် ရန်အောင်မြင်သာသနာ့ဗိမာန်ရှေ့၌ ကျင်းပသည်။

ရမည်းသင်း မြို့လုံးကျွတ်မဟာဘုံကထိန်ပွဲတော်ရက်မှာ တန်ဆောင်မုန်းလဆန်း ၄ ရက်မှ လဆန်း ၁၀ ရက်အထိဖြစ်ကြောင်း သိရသည်။ (၆၅၄)

**※ အာရှဆန်စပါးမှ**

နည်းပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၃ နာရီခွဲတွင် Laguna ဒေသ Santa Cruz မြို့ရှိ S. L ကုမ္ပဏီက စိုက်ပျိုးထားသော SL8 H စပါးမျိုးစေ့ထုတ်စိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုလေ့လာကြပြီး စပါးကျွမ်းကျင်ပညာရှင် ဒေါက်တာ Weijun Xu နှင့် မြန်မာနိုင်ငံနှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် မျိုးစေ့ထုတ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် ရှေ့ပြေး အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

**ရင်းနှီးမြှုပ်နှံရန်**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီတွင် Quezon City ရှိ ဖိလစ်ပိုင်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Proceso J. Alcala ၏ ရုံးခန်းသို့ ရောက်ရှိကြပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်ပို့မှုနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် ကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

**လေ့လာ**

ဆက်လက်၍ နံနက် ၁၀ နာရီတွင် ဖိလစ်ပိုင်စိုက်ပျိုးရေးဌာန၏ Food Staple Self Sufficiency Program (FSSSP) ကို သွားရောက်ကြပြီး တောင်သူပညာပေးခန်းမတွင် မြေဆီလွှာဆိုင်ရာ ပြဿနာဖြေရှင်းနည်းများ၊ နည်းစနစ်များနှင့် ပတ်သက်၍ လေ့လာခဲ့ကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် စိုက်ပျိုးရေးဌာန၏ Bureau of Soil and Water Management (BSWM) နှင့် Bureau of Agricultural Research (DA- BAR) ကို လည်းကောင်း၊ ညနေ ၃ နာရီတွင် Agriculture Training Institute (ATI) ကိုလည်းကောင်း သွားရောက်၍ တောင်သူနည်းပညာပေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်ရေးများကို လေ့လာခဲ့ကြ ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နိုင်ငံခြားဘာဏ်လုပ်ငန်း အမှတ်စဉ်(၂) ဖွင့်လှစ်ပို့ချ

**နေပြည်တော် အောက်တိုဘာ ၃၁**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံဘဏ်များ အသင်းက နိုင်ငံခြားဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး၊ ငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာ စွမ်းဆောင်မှု အရည်အသွေးတိုးတက်ကောင်းမွန်စေရေး၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်တိုးချဲ့လုပ်ကိုင်နိုင်ရေး၊ အာရှဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်များတွင် စီးပွားရေးယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားစေရေးနှင့် အစိုးရသစ်၏ ခေတ်သစ်၊ စနစ်သစ်နှင့်အညီ ခေတ်မီတိုးတက်ခြင်းဖြင့် အထောက်အကူ ဖြစ်စေရေးတို့အတွက် နိုင်ငံခြားဘဏ်လုပ်ငန်းသင်တန်း အမှတ်စဉ်(၂)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံ ဘဏ်များအသင်း ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ဖွင့်လှစ်ပို့ချသည်။

သင်တန်းဖွင့်ပွဲ၌ ဒုတိယဝန်ကြီး ဦးဝင်းသန်းက အမှာစကားပြောကြားပြီး အဆိုပါသင်တန်းကို ရက်သတ္တလေးပတ်ကြာဖွင့်လှစ်၍ သင်တန်းသား သင်တန်းသူ ၅၇ ဦးတို့အား ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း နိုင်ငံခြားဘဏ်လုပ်ငန်းသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁-၁၁-၂၀၁၁ (အင်္ဂါနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဘုံရန်သူ" တရားတော် (ရေတာရှည်ဆရာတော် အရှင်ပညာဝံသ)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၂)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း"(အပိုင်း-၇)**
၈း၄၀ City Mart Music Concert II (Part-2)
၉း၂၅ Cartoon Show Time
၁၀း၀၅ Activities in The City
၁၀း၁၅ အင်္ဂပူမြို့မှ ဆွမ်းသိမ်းအောင်ပွဲ
၁၀း၃၅ aroma ၏ခေတ်မီဆန်းပြား မြန်မာ့ရိုးရာသတို့သမီး ထိုင်မသိမ်းဝတ်စုံဒီဇိုင်းများ
၁၀း၅၀ Celebrity Style
၁၁း၁၅ International Show Biz
၁၁း၃၅ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀ LITTLE TOKYO သို့တစ်ခေါက်
၁၂း၂၅ သင်ကြားရေးလမ်းညွှန်
၁၂း၃၅ သဒ္ဓါကြည်ဖြူကုသိုလ်ယူ မိဘရိပ်မှမြတ်သောအလှူ
၁း၀၀ "ဘုံရန်သူ" တရားတော် (ရေတာရှည်ဆရာတော် အရှင်ပညာဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ရယ်စရာဖေးရှင်း (သိုင်းဆရာကြီး)
၂း၄၅ Activities in The City
၂း၅၅ Hair Style For All
၃း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၁၂)**
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း"(အပိုင်း-၇)**
၄း၄၅ ဂီတနက်သန်ဂီတစကားဝိုင်း
၅း၀၅ အကောင်းဆုံးကိုရွေးချယ်နိုင်ဖို့ Boss ကိုသွားစို့
၅း၁၅ ရန်ကုန်မြင်ကွင်းကျယ်
၅း၃၀ လှပသစ်ဆန်းအလှပြင်ခန်း
၅း၄၀ ရန်ကုန်မြင်ကွင်းကျယ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၁၃)**
၇း၂၀ City Mart Music Concert II (Part-3)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Celebrity Choice
၉း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၈)**
၁၀း၁၅ အနုပညာမိုးကောင်းကင်
၁၀း၃၅ စာအုပ်ပြခန်း
၁၀း၅၀ World of Knowledge
၁၁း၄၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ
၁၂း၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၁၂း၂၅ မိသားစုများ စိတ်ချမ်းမြေ့စေဖို့ "မိုးပုလဲ"မှာဝယ်ကြစို့
၁၂း၄၀ စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလားဥသဖရား) (အပိုင်း-၁)
၁း၀၅ ချစ်တတ်ကြရအောင် (ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး) [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၁း၁၅ ဒို့တိုင်းဌာနီရောဝတီ
၁း၄၀ နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
၂း၀၀ ကိုယ်ပိုင်ဟန်ဖက်ရှင်
၂း၂၅ နှလုံးသားဖြင့် မြင်နိုင်စွမ်းသူတို့၏ Physiotherapy Clinic
၂း၄၀ အဖိုးတန်သော သဘာဝ သယံဇာတမြေဟူးကောင်း
၂း၅၅ ရွှေလက်ကမ်းလို့ကြိုနေမည့်. . . စလင်းမြေ
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ ရွှေမင်းသား (သို့မဟုတ်) နှလုံးသားထက်မြက်သူ
၄း၃၀ ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၄း၅၀ ရင်သပ်ရှုမောဖွယ်ရာ. . . အံ့ဩသင့်ဖွယ်ရာ. . . စိတ်၏ငြိမ်းချမ်းမှုများပေါင်းစုံရာ
၅း၀၀ အစီအစဉ်ပြီး။





**ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် အင်ဂျင်နီယာ အခြေခံမွမ်းမံသင်တန်း အမှတ်စဉ် (၅) သင်တန်းဖွင့်ပွဲ အခမ်းအနား၌ အမှာ စကား ပြောကြားစဉ်။** (သတင်းစဉ်)

# အင်ဂျင်နီယာများ အခြေခံမွမ်းမံသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာများ အခြေခံမွမ်းမံသင်တန်းအမှတ်စဉ် (၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်က သန့်ရှင်း၊ စိမ်းလန်း၊ ကြည်လင်မှုနှင့် မြို့တော်ရန်ကုန်အဖြစ် ဝင့်ဝင့်ထည်ထည်မြင့်မြင့်မားမား ဖြစ်ရန် ကြိုးပမ်းတည်ဆောက်နေချိန်တွင် နိုင်ငံတော်အတွက်၊ ကော်မတီအတွက် ယုံကြည်အားကိုး ထက်မြက်အားထားရသည့် လူသားအရင်းအမြစ်များဖြစ်လာအောင် အစွမ်းကုန်ကြိုးစားသွားကြရန် မှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း ပြည်သူများဝိုင်းဝန်းကူညီ

နိုင်ငံတော်အစိုးရသစ်၏ ပြည်သူ့ဆန္ဒကို အလေးထားဆောင်ရွက်ကြရန် လမ်းညွှန်ချက်နှင့်အညီ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပြည်သူတို့၏ လိုအပ်ချက်တစ်ရပ် ဖြစ်သည့် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေးကို ဖြည့်ဆည်းပေးလို၍ ဖြေလျှော့သော စနစ်ဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကို သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် **မိုးပွင့် အဆင့်(၁)** စီမံချက်ကိုရေးဆွဲကာ ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်ဆောင်ရွက်ပေးခဲ့သည်။

စတင် ဆောင်ရွက်သည်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဌာနမှူးများ ကိုယ်တိုင် အနီးကပ်ကြီးကြပ်ကာ အများပြည်သူရုံးပိတ်ရက်ပါမကျန် ကွင်းဆင်းဆောင်ရွက်ပေးနေခြင်းမှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့သည်ဟု သိရသည်။

အောင်မြင်မှုရရှိခဲ့သည်ဟု ဆိုရခြင်းမှာလည်း **မိုးပွင့်အဆင့်(၁)** စီမံချက်ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစီးအဖွဲ့က တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ကျေးရွာအရောက် သွားရောက်ကာ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်နေမှုများကို ကြည့်ရှု၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေး ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ကြောင့် ၂၀၁၁ ခုနှစ် စက်တင်ဘာလကုန်ထိ သုံးလတာကာလအတွင်း အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပြီးစီးမှုသည် စီမံချက် မပြုလုပ်မီ ယခင်ကာလများကထက် တစ်လလျှင် ပျမ်းမျှ ၁၀ ဆခန့်အထိ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

**မိုးပွင့် အဆင့်(၁)** စီမံချက် စတင်ခဲ့သည့် ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ သုံးလတာကာလအတွင်း တစ်နိုင်ငံလုံးတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးဆောင်ရွက်ပြီးစီးမှုမှာ ၁၀၇၂၆၄၃ ဦး၊ လူဦးရေတိုးခြင်း ဆောင်ရွက်ပြီးစီးမှု ၈၇၄၉၆ ခု၊ လူဦးရေလျော့ခြင်း ဆောင်ရွက်ပြီးစီးမှု ၄၁၅၇၇ ခုနှင့် အိမ်ထောင်စု စာရင်းခွဲထွက်ခြင်း ဆောင်ရွက်ပြီးစီးမှု ၁၈၈၅၄ ခု စုစုပေါင်း ၁၄၇၉၂၇ ခု ဆောင်ရွက်ပြီးစီးခဲ့ပြီး ပြည်သူများကလည်း အထူးကျေးဇူးတင်ဝမ်းမြောက်မှုရှိနေကြကြောင်းသိရသည်။ ယင်းမှာ မြင်သာသည့် အောင်မြင်မှုတစ်ရပ်ပင် ဖြစ်ပေသည်။

ယင်းအောင်မြင်မှုကို ရပ်တန့်မနေဘဲ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းဟူသည် စဉ်ဆက်မပြတ် ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်သည်နှင့်အညီ **မိုးပွင့် အဆင့်(၁)** စီမံချက်ကို အစပျိုး၍ နောင်တွင်လည်း ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှုနှင့်အတူ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နေမည်ဖြစ်သည်။

ထို့ကြောင့် ဆက်လက်ဆောင်ရွက်နေမည့် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း အောင်မြင်ရေးအတွက် ပြည်သူများကတာဝန်သိမှုဖြင့် မှတ်တမ်းများ စနစ်တကျရေးသွင်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရေး၊ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများတွင် မိမိ၏သဘောဆန္ဒဖြင့် ပြင်ဆင်ဖြည့်စွက်ရေးသားခြင်းမပြုရေး၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည် လိုက်နာဆောင်ရွက်ရေးတို့ဖြင့် ပါဝင်ကူညီကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

**သတင်းမှတ်စု-ကိုချစ်**

# နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

## လီပြောင်ဟွန်း၏ ဒုတိယမြောက် ဟောလိဝုဒ်ဇာတ်ကား ဒီဇင်ဘာတွင် ပြီးဆုံးမည်

နာမည်ကျော် ကိုရီးယားငွေကြယ်ပွင့် လီပြောင်ဟွန်း**(အောက်ယာပုံ)**၏ ဒုတိယမြောက် ဟောလိဝုဒ်ဇာတ်ကားဖြစ်သည့် G.I.Joe: The Rise of the Cobra ဇာတ်ကားမှာ ဒီဇင်ဘာတွင် ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံးမည်ဖြစ်ကြောင်း သတင်းများတွင်ဖော်ပြသည်။

လီ၏ အနုပညာရေးရာ အေဂျင်စီ BH မှတာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားရာတွင် လီသည် ယခုနှစ် ဩဂုတ်လကတည်းက အမေရိကန်ပြည်ထောင်စုတွင် အဆိုပါ ဇာတ်ကား ရိုက်ကူးရန် ရောက်ရှိနေခဲ့ပြီး ယင်းဇာတ်ကားကို အမေရိကန်နိုင်ငံ၌ ၂၀၁၂ ခုနှစ်တွင် ဖြန့်ချိသွားမည်ဟု ဆိုသည်။

ယင်းတာဝန်ရှိသူမှ ဆက်လက်ပြောကြားရာတွင် မင်းသားလီသည် ၎င်း၏ ဂျပန်နိုင်ငံတွင် ပရိသတ်များနှင့် တွေ့ဆုံမည့်ခရီးစဉ်ကို ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ ဒီဇင်ဘာ ၂၀ ရက်တွင် စတင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ဒီဇင်ဘာ ၂၄ ရက်တွင် ဖူကူအိုကာမြို့နှင့် ဒီဇင်ဘာ ၂၇ ရက်တွင် အိုဆာကာမြို့တို့သို့ သွားရောက်ရန်စီစဉ်ထားသည်ဟု ဆိုသည်။

မကြာသေးမီက ထွက်ပေါ်ခဲ့သည့် သတင်းများအရ လီ၏နောက်ထပ် ရိုက်ကူးမည့် ဇာတ်ကားမှာ ဟောလိဝုဒ် ရုပ်ရှင်လောကတွင် ဖြစ်မည်ဟု ဆိုသော်လည်း လီက ယခု ရိုက်ကူးနေသည့် ဇာတ်ကားပြီးဆုံးမှသာ နောက်ထပ် ဇာတ်ကားအတွက် စဉ်းစားဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက အလေးအနက်ထား ပြောကြားသွားသည်။

အသက်(၄၁)နှစ်ရှိ လီသည် ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲများနှင့် ရုပ်ရှင်ကားအများအပြားတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး အာရှပရိသတ်များကြားတွင် နာမည်ကျော်ရေပန်းစားသည့် ကိုရီးယားကြယ်တစ်ပွင့် ဖြစ်သကဲ့သို့ ၎င်း၏ ပထမဆုံးဟောလိဝုဒ် ဇာတ်ကား G.I.Joe ကို ၂၀၀၉ ခုနှစ်တွင် စတင်ရိုက်ကူးခဲ့သည်။ ***အင်တာနက်။***



**အေ ဝမ်း စိုး**

## ပြည်သူ့ထံမှ ပေးစာများ

### ကရဏာလမ်းမကြီး ပြုပြင်စေချင်

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ လှော်ကားလမ်းမကြီးနှင့် ကျိုက်စုသုသာန်သို့သွားရာ ကရဏာလမ်းမကြီးမှာ ပျက်စီးနေပါသဖြင့် သက်ဆိုင်ရာမှ ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ၊ လမ်းသားများ**

### ကျူးကျော်ပုံ့ကျဈေးသည်များ ရှင်းလင်းပေးစေလို

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် ကျောက်တော်ကြီး ဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းဘေး ဝဲ၊ ယာများတွင် ပုံ့ကျဈေးသည်များသည် စည်းကမ်းမဲ့စွာ ရောင်းချလျက်ရှိရာ မလိုလားအပ်သော အနှောင့်အယှက် အန္တရာယ်များ ဖြစ်ပေါ်လာနိုင်ပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

### ကျူးကျော်တဲအိမ်နှင့် ဈေးဆိုင်များဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် ခနသိဒ္ဓိလမ်း နယ်မြေ(၂) ကွန်ကရစ်လမ်းဘေးရှိ ရပ်ကွက်မှ စွန့်ပစ်အမှိုက်ပုံပေါ်နှင့် ပတ်ဝန်းကျင်တွင် တဲအိမ်နှင့် ဆိုင်များ အခိုင်အမာဆောက်လုပ်နေထိုင်ကြပြီး လမ်းပေါ်တွင် ပစ္စည်းများစုပုံခြင်း၊ အညစ်အကြေးအမှိုက်များ စွန့်ပစ်ခြင်းများ စည်းကမ်းမဲ့ပြုလုပ်နေကြ၍ လမ်းသူ၊ လမ်းသားများ စိတ်အနှောင့်အယှက် ဖြစ်နေသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသန့်ရှင်းသာယာလိုသူ**

**○ သွေးအစားထိုး ကုသမှုမှ**

တဖြည်းဖြည်း လျော့ပါးလာတတ်ကြောင်း ဆေးဘက်ဆိုင်ရာပညာရှင်များက ဆိုသည်။ သို့ရာတွင် လှူပင်မဆဲလ်များမှ ဖန်တီးရယူသော သွေးတုများသည် အဆိုပါ ပြဿနာများမှ ကင်းလွတ်နိုင်မည် ဖြစ်သည်။

သွေးအစားထိုးကုသမှုခံယူရမည့် လူနာအများစုနှင့် သင့်လျော်သော သွေးအမျိုးအစား 0-Negative အဖြစ် ထုတ်လုပ်မည်ဖြစ်သည့် သွေးတုများကို လူနာတင်ယာဉ်ပေါ် အရေးပေါ်ကုသမှုများ၊ စစ်ပွဲဇုန်များနှင့် သဘာဝဘေး ကျရောက်ရာနေရာများ၌ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**နေပြည်တော် အောက်တိုဘာ ၃၁**

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ၏ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးစီမံချက်အရ အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဒက္ခိဏသီရိမြို့နယ် မော်တော်ဆိုင်ကယ် ကယ်ရီပြေးဆွဲမောင်းနှင်သူများအား နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့ စည်းကမ်း ထိန်းသိမ်းရေးတပ်ခွဲ(၂) တပ်ခွဲမှူး ဒုတိယရဲမှူးဝင်းမောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပြီး ပညာပေးဇာတ်လမ်းတိုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသ ဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ဒက္ခိဏသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ရွှေမန်းနှင့် မော်တော်ဆိုင်ကယ် ကယ်ရီပြေးဆွဲမောင်းနှင်သူ ၁၇၃ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လှိုင်ကော်တိုင်းရင်းဆေးရုံသို့ ဆေးပဒေသာပင်ငွေနှင့် ပရိဘောဂပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃၁**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ကယားပြည်နယ် လှိုင်ကော် တိုင်းရင်းဆေးရုံသို့ ဆေးပဒေသာပင်ငွေနှင့် ပရိဘောဂပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပရာ အလှူရှင်များဖြစ်ကြသည့် ဦးကျော်လင်းထွန်းနှင့်ဒေါ်ဇင်မာထွေးမိသားစုက ငွေကျပ် ၃၂၀၀၀၀ တန်ဖိုးရှိ ကွန်းဆက်တီ တစ်စုံ၊ ဦးခင်မောင်အေးနှင့် ဒေါ်တင်တင်ဝင်း၊ သမီး မသန့်သဇင် မိသားစုက ဆေးပဒေသာပင် ငွေကျပ် ၃၀၀၀၀ နှင့် ငွေကျပ် ၁၀၀၀၀၀ တန် ထိုင်ခုံ တစ်ခု၊ ဦးကျော်သိန်းဌေးနှင့် ဒေါ်နှင်းဝေ မိသားစုက တိုင်ကပ်နာရီ တစ်လုံး၊ ဦးအောင်စိုးလွင်နှင့် ဒေါ်မွန်မွန်သန်း မိသားစုက သွေးပေါင်ချိန်တိုင်းကိရိယာနှင့် ဆိုင်းဘုတ်ပြားများအတွက် အလှူငွေကျပ် ၅၀၀၀၀၊ ဒေါ်မီးဦး မိသားစုက စတီးအလံတိုင် တစ်ခု အတွက် ငွေကျပ် ၃၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ကယားပြည်နယ် လှိုင်ကော် တိုင်းရင်းဆေးရုံသို့ ဆေးပဒေသာပင် ငွေနှင့် ပရိဘောဂပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပစဉ်။**
(သတင်းစဉ်)



## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာယူ-၂၃ အသင်း ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၃၁**

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၂၁ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၃ အသင်းသည် ယနေ့ နံနက် ၈ နာရီက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

**လိုက်ပါ**

မြန်မာယူ-၂၃ အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးအောင်မိုးကျော်၊ အုပ်ချုပ်သူအဖြစ် ဦးတင်အောင်၊ နည်းပြချုပ် စတီဖင်ဟန်ဆန်၊ နည်းပြ ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြ ဦးစိုးမိုး၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ မီဒီယာတာဝန်ခံ ဦးစိုးမိုးကျော်၊ ဆရာဝန် ဒေါက်တာအောင်ကျော်ဦး၊ အားကစားသမားများအဖြစ် ဂိုးသမား ကျော်ဇင်ထက်၊ သီဟစည်သူ၊ ဟိန်းကျော်သူ၊ နောက်တန်း-ရန်အောင်ဝင်း၊ မိုးဝင်း၊ ဇော်မင်းထွန်း၊ ဉာဏလွင်၊ ရွှေလိုင်ဝင်း၊ ကျော်ကျော်မျိုး၊ ဇော်ဇော်ဦး၊ အလယ်တန်း-အေးဆန်း၊ ကျော်ဇေယျာဝင်း၊ အောင်မြင့်အေး၊ ပြည့်ဖြိုးဦး၊ မင်းမင်းသူ၊ ကြည်လင်း၊ ရန်အောင်ကျော်၊ ရှေ့တန်း-ကျော်ကိုကို၊ မိုင်းအိုက်နိုင်နှင့် မင်းမင်းထွန်းတို့ လိုက်ပါသွားကြသည်။ **(အပေါ်ပုံ)**

မြန်မာယူ-၂၃ အသင်းသည် အုပ်စု(ခ)တွင် ဗီယက်နမ်၊ လာအို၊ တီမော၊ ဖိလစ်ပိုင်၊ ဘရူနိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုအဖွင့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၃ ရက်တွင် လာအိုအသင်းနှင့် ကစားရမည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

## စတီးဗင်ဂျရတ် ခြေချင်းဝတ်ဒဏ်ရာကြောင့် တစ်လကျော် နားရတော့မည်

**လန်ဒန် အောက်တိုဘာ ၃၁**

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်သည် ခြေချင်းဝတ် ဒဏ်ရာကြောင့် ဆေးစစ်မှုခံယူခဲ့ရပြီး ကျောက်ပတ်တီးစည်းခဲ့ရကာ ဆေးစစ်ချက်အတည်ပြုပြီးပါက ဘောလုံးကစားခြင်းမှ တစ်လကျော်အနားယူရတော့မည်ဖြစ်သည်။

ယင်းအတွက်ကြောင့် ဂျရတ်အနေဖြင့် နိုဝင်ဘာလအတွင်း မန်စီးတီး၊ ချယ်လ်ဆီးတို့နှင့် ရင်ဆိုင်ရမည့် ပရီမီယာလိဂ်ပွဲကျပ်များကို လွဲချော်ရမည်ဖြစ်သည့်အပြင် အင်္ဂလန်အသင်း၏ စပိန်နှင့် ဆွီဒင်တို့ပွဲများကိုလည်း ပါဝင်ကစားနိုင်တော့မည် မဟုတ်ပေ။

အသက်(၃၁)နှစ်အရွယ်ရှိ ဂျရတ်သည် ယခုနှစ်အတွင်း ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်နေရသည်။

ဂျရတ်သည် ပြီးခဲ့သည့် သီတင်းပတ်က အသင်းနှင့် လေ့ကျင့်ခန်းဆင်းနေစဉ် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ပြီးနောက် ယခုကဲ့သို့ ဆေးစစ်မှုခံယူခဲ့ရကာ ကျောက်ပတ်တီးစည်းခဲ့ရခြင်း ဖြစ်သည်။

ထို့ပြင် ၎င်းသည် ယခုနှစ်အစောပိုင်းကလည်း ပေါင်ခြံဒဏ်ရာကြောင့် ခုနစ်လနီးပါး အနားယူခဲ့ရသည်။ **အင်တာနက်။**



ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်နေရသည့် ဂျရတ်။

**▪▪▪▪▪▪▪ ဟိန်းထက်လင်း ▪▪▪▪▪▪▪**

## သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

### မီးစက်မောင်းသောကားဖြင့် လိုက်ပါသူကလေးငယ် သေဆုံး

**မိတ္ထီလာ အောက်တိုဘာ ၃၁**

မိတ္ထီလာမြို့တွင် အောက်တိုဘာ ၂၃ ရက်က မြို့တွင်းမှ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များကို ဝမ်းတော်ပြည့် ကျောင်းတိုက်သို့ ပြန်လည်ပင့်ဆောင်ပွဲကျင်းပရာ ကားပေါ်တွင် မီးစက်မောင်း၍ မီးအလှများ တပ်ဆင်ထွန်းညှိပြီး မြို့တစ်ပတ်လှည့်လည် အပူဇော်ခံခဲ့သည်။ မီးစက်မောင်းထားသော ကားနောက်ခန်းတွင် ကလေးများ လိုက်ပါလာခဲ့ကြရာ ကောင်းဟန်(ခ) ကောင်းကောင်းအမည်ရှိ ကလေးတစ်ဦးက မီးစက်အနီး အိပ်၍ လိုက်ပါလာခဲ့သည်။ ရပ်ကွက်အတွင်းသို့ ည ၁၂ နာရီ တွင် ပြန်ရောက်၍ မီးစက်အနီး အိပ်နေသော ကောင်းဟန်(ခ) ကောင်းကောင်းကို လှုပ်နှိုးရာ ကလေးမှာ အသက်မရှိတော့ဘဲ သေဆုံးနေကြောင်း တွေ့ရသည်ဟုဆိုသည်။ မောင်ကောင်းဟန်(ခ) ကောင်းကောင်းမှာ မိတ္ထီလာမြို့ မြို့မ(၄)ရပ်ကွက် ပန်းထိမ်တန်းရပ်နေ ဦးတင်အောင်လှ၏သားဖြစ်ပြီး မင်းရပ် မူလတန်းကျောင်းတွင် ဒုတိယတန်းတက်နေသည့် အသက်ရှစ်နှစ်အရွယ် ကျောင်းသားဖြစ်သည်။

မောင်ကောင်းဟန်(ခ) ကောင်းကောင်း သေဆုံးမှုနှင့် ပတ်သက်၍ မီးစက်မှထွက်လာသော ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ကြောင့် ဖြစ်ဖွယ်ရှိကြောင်း၊ မီးစက်များကို မောင်းနှင်မည်ဆိုပါက လေဝင်လေထွက် ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လေလုံသည့် အခန်းများတွင် မီးစက်နှင့် အခြားအင်ဂျင်စက်များကို မောင်းနှင်ပါက ထွက်ပေါ်လာသည့် ဓာတ်ငွေ့မှာ အသက်အန္တရာယ် ဖြစ်ပေါ်စေနိုင်ကြောင်း ဆေးပညာရှင်တစ်ဦးက ပြောကြားသည်။
(၁၁၁)

▪▪▪▪▪▪

### လျှပ်စစ်မီးပိတ်ရန် မေ့ခဲ့သောကြောင့် နေအိမ်မီးလောင်၊ လူသေဆုံး

**ဝန်းသို အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် နမ်းခမ်းရဲစခန်းပိုင် ဂျိုးတောင်အုပ်စု မြောက်ရွာတွင် အောက်တိုဘာ ၂၃ ရက် နံနက် ၁ နာရီခွဲအချိန်ခန့်တွင် မိုးသည်းထန်စွာ ရွာသွန်းစဉ် အိမ်မီးလောင်ရာ အိမ်တစ်လုံးနှင့် အိမ်ရှိ မိသားစု နှစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဝန်းသိုမြို့နယ် နမ်းခမ်းရဲစခန်းပိုင် ဂျိုးတောင်အုပ်စု မြောက်ရွာတွင် အောက်တိုဘာ ၂၂ ရက် ညပိုင်းက မိုးရွာသွန်းနေချိန် အိမ်ရှင်မောင်ဦးနှင့် မိသားစုအိပ်ပျော်နေစဉ် လျှပ်စစ်မီးပျက်ချိန်တွင် ပိတ်ရန်မေ့ထားခဲ့သော လျှပ်စစ်မီးပူသည် လျှပ်စစ်မီးပြန်လာချိန်တွင် အပူရှိန်တက်လာပြီး အိမ်ခန်းကို မီးစွဲလောင်ကျွမ်းခြင်းကြောင့် အိမ်ရှင်မောင်ဦး၏ မိခင် ဒေါ်သိန်းရင် (၈၇)နှစ်၊ သမီး မဝင်းမြိုင် (၂၁)နှစ်တို့မှာ အိမ်ပေါ်တွင် မီးလောင်သေဆုံးသွားသည်။

အဆိုပါအမှုကို ဝန်းသိုမြို့နယ် ရဲစခန်းက (ပ)၉၄/၂၀၁၁ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅/၃၄ (က) အရ အမှုဖွင့်အရေးယူထားပြီး လျှပ်စစ်မီးပျက်သွားသောအခါ နေအိမ်ရှိ မီးခလုတ်များကို မပိတ်မိပါက ထိုကဲ့သို့ မဖြစ်သင့်သော အန္တရာယ်များ ဖြစ်ပွားနိုင်ကြောင်း မြို့ခံလူကြီးတစ်ဦးက ပြောကြားသည်။ (၂၁၄)



**မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင် (၃၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်တုရင်ပြိုင်ပွဲ၏ ပထမဦးဆုံး ရွှေ့ကွက်ကို ရွှေ့၍ ပြိုင်ပွဲကို စတင်ကျင်းပစဉ်။**
(သတင်း-ဇော်ပြုံး) (စစ်တုရင်အဖွဲ့ချုပ်)

## တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် အောက်တိုဘာ ၃၁**

ဦးဝဏ္ဏ(Myanmar Bright Borthers Co.,Ltd.) သည် ကစားဖော်များဖြစ်ကြသော ဦးသူရ (Myanmar Bright Borthers Co.,Ltd.)၊ ဦးသန့်ဇင်ထွန်း၊ ဦးစိုးနိုင်ဝင်း (W.Y.Z Pte Ltd.) တို့နှင့် အတူ အောက်တိုဘာ ၂၈ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon No.(4) ဘောလုံးကို Taylor Made(rae) Iron No.(8) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၁ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

## ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၁**

၂၀၁၁ ခုနှစ် မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် ညနေ ၃ နာရီတွင် မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ပြိုင်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**ယှဉ်ပြိုင်ကစား**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြိုင်ပွဲ၏ ပထမနေ့ပွဲစဉ်အဖြစ် အောင်တပ်ရပ်ကွက်အသင်းနှင့် ညောင်ပင်ဈေးရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အောင်တပ်ရပ်ကွက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ ပြိုင်ပွဲကို အသင်းပေါင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများကို နိုဝင်ဘာ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။
(သတင်းစဉ်)

## တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် အောက်တိုဘာ ၃၁

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မှော်ဘီမြို့တွင် ၁ ဒသမ ၀၆ လက်မနှင့် ခန္တီးမြို့တွင် သုည ဒသမ ၅၉ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**အန္တရာယ်ကြီးမား မူးယစ်ဆေးဝါး**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၁

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မူရဒ် မယ်ဒဲလ်စီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အာရှဆန်စပါးသုတေသန ပူးပေါင်းဆောင်ရွက်မှုကောင်စီ (၁၅)ကြိမ်မြောက်အစည်းအဝေး တက်ရောက်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဖိလစ်ပိုင်နိုင်ငံ Laguna ဒေသ Santa Cruz မြို့ရှိ S.L ကုမ္ပဏီက စိုက်ပျိုးထားသော SL8H စပါးမျိုးစေ့ထုတ်စိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)



နေပြည်တော် အောက်တိုဘာ ၃၁

**အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန၏ ဖိတ်ကြားချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (International Rice Research Institute-IRRI)၌ အောက်တိုဘာ ၂၃ ရက်မှ ၂၈ ရက်ထိ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာရှဒေသ ဆန်စပါးသုတေသန ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကောင်စီ (15th Council for Partnership on Rice Research in Asia - CORRA) အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ Laguna ဒေသ Los Bonos မြို့ရှိ Philippine Council for Agriculture, Forestry and Natural Resources Research and Development (PCARRD)၌ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနက ကြီးမှူးကျင်းပသည့် (၁၅)ကြိမ်မြောက် အာရှဒေသ ဆန်စပါးသုတေသန ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကောင်စီ အစည်းအဝေးသို့ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

### ဆွေးနွေး

အစည်းအဝေး၌ အာရှဒေသဆန်စပါးသုတေသန ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကောင်စီ၏ လုပ်ငန်းစဉ်များ သုံးသပ်ခြင်း၊ ကမ္ဘာ့ဆန်စပါးထုတ်လုပ်မှုနှင့် ဆန်စပါးကို ရေရှည်တည်တံ့ကုန်စည်အဖြစ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မည့်လုပ်ငန်းရပ်များ၊ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းမည့် နည်းဗျူဟာများ၊ အာရှနိုင်ငံများအတွင်း ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်နှင့် မျိုးရိုးဗီဇ လုပ်ပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေး ရပ်နားချိန်တွင် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန ညွှန်ကြားရေးမှူးချုပ် Dr. Robert S. Zeigler နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ ဆန်စပါးဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံနည်းပညာဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကာလတို၊ ကာလရှည် ပညာသင်များ သုတေသနပညာသင် စေလွှတ်ရေးကိစ္စရပ်များ၊ စပါးမျိုးစေ့ထုတ်လုပ်သည့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

## အီဒွလ်အသွာဟာ (ဘက္ကရီအီးဒ်)နေ့ အများပြည်သူအလုပ်ပိတ်ရက် ကြေညာ

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် ၁၃၇၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက် (၂၀၁၁ ခုနှစ် နိုဝင်ဘာ ၇ ရက်) (တနင်္လာနေ့)မှာ အီဒွလ် အသွာဟာ(ဘက္ကရီအီးဒ်)နေ့ ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ (၂၅)အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။ (သတင်းစဉ်)

*ကျန်းမာရေး အင်တာနက် သတင်း*

## သွေးအစားထိုးကုသမှုခံယူရမည့် လူနာများကို လာမည့်ဆယ်စုနှစ်အတွင်း သွေးတုများ အသုံးပြုကုသနိုင်ဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၃၁**

သွေးအစားထိုးကုသမှုခံယူနေကြရသော ဝေဒနာသည်များအတွက် လူသား၏ ပင်မဆဲလ်များမှ ထုတ်ယူရရှိသည့် သွေးတု (artificial blood)အား လာမည့်ဆယ်စုနှစ်အတွင်း အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၂၇ ရက် သတင်းများတွင် ဖော်ပြသည်။

လူ့ပင်မဆဲလ်များမှ ဖန်တီးရယူသည့် သွေးတုများ၏ စိတ်ချလုံခြုံမှုဆိုင်ရာ စမ်းသပ်မှုများကို လာမည့်နှစ်နှစ်မှ သုံးနှစ်အတွင်း စတင်လုပ်ဆောင်သွားရန် သုတေသနပညာရှင်များက စီစဉ်ထားကြောင်း သိရသည်။

စိတ်ချလုံခြုံမှုဆိုင်ရာ စမ်းသပ်မှုများကို ကျော်ဖြတ်နိုင်ပါက သွေးအစစ်မရနိုင်သော အခြေအနေနှင့် နေရာဒေသများတွင် သွေးတုများအား အစားထိုးအသုံးပြုနိုင်မည့် အလားအလာများလည်း ပေါ်ထွက်လာမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် သိပ္ပံပညာရှင်များသည် သွေးအစစ်အစားသွင်းနိုင်သည့်တိုင်အောင် ဝေဒနာသည်၏ အခြေအနေကို ယာယီထိန်းထားရန် လူ့ခန္ဓာကိုယ်အတွင်း ထည့်သွင်းပေးနိုင်မည့် သွေး၏ ဂုဏ်သတ္တိများပါဝင်သော ဒြပ်ပေါင်းများကိုလည်း ထုတ်လုပ်ဖန်တီးလျက်ရှိသည်။

ဗြိတိန်နိုင်ငံရှိ သွေးအစားထိုးကုသမှု ခံယူနေရသော လူနာများအတွက် နှစ်စဉ်နှစ်တိုင်း သွေးယူနစ် နှစ်သန်းခွဲခန့်ကို အသုံးပြုနေရပြီး နှစ်စဉ်ကုန်ကျစရိတ် ပေါင်စတာလင်သန်း ၁၃၀ ခန့် အကုန်အကျခံ သုံးစွဲခဲ့ရသည်။

ခေတ်သစ်ဆေးပညာရှင်များအနေဖြင့် သွေးအစားထိုးကုသမှုများမှတစ်ဆင့် အသည်းရောင်အသားဝါ အေ နှင့် စီ အမျိုးအစားရောဂါများ ကူးစက်နိုင်မှု အလားအလာကို လျှော့ချနိုင်ခဲ့ပြီဖြစ်သည်။ သို့ရာတွင် လူသားများ၌ ကူးစက်ဖြစ်ပွားနိုင်သည့် နွားရူးရောဂါ (VCJD) ကဲ့သို့သော ကူးစက်ရောဂါသစ်များကိုမူ ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေရဆဲဖြစ်သည်။

ယင်းအပြင် သွေးအစစ်များသည် သိုလှောင်ထားချိန်ကြာမြင့်သည့်နှင့်အမျှ အာနိသင်လည်း **စာမျက်နှာ ၉ ကော်လံ ၄ သို့** ◯

## လိုင်လီကွင်းလယ်ကစားသမား ဟာဇက်ဒ် အသင်းပြောင်းရန်ပြင်ဆင်

**ပါရီ အောက်တိုဘာ ၃၁**



ပြင်သစ်ကလပ် လိုင်လီကွင်းလယ်ကစားသမားဟာဇက်ဒ်**(ယာပုံ)**က ယခုနှစ် ဘောလုံးရာသီအကုန်တွင် ပရီမီယာလိဂ် ထိပ်သီးအသင်းတစ်သင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက်(၂၀)အရွယ်ရှိ အီဒန် ဟာဇက်ဒ်သည် ဥရောပတစ်ခွင်၌ အသက်ငယ်ငယ်နှင့် ဖန်တီးနိုင်စွမ်းပြည့်ဝသည့် ကွင်းလယ်ကစားသမားတစ်ယောက်အဖြစ် ရပ်တည်နိုင်ခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်က ရီးယဲလ်မက်ဒရစ်၊ အာဆင်နယ်၊ ချယ်လ်ဆီး၊ လီဗာပူး၊ မန်ယူနှင့် မန်စီးတီးတို့၏ စိတ်ဝင်တစား စောင့်ကြည့်ခြင်းကို ခံခဲ့ရသည်။ ဟာဇက်ဒ်၏ လိုင်လီအသင်းနှင့် လက်ရှိစာချုပ်သက်တမ်းမှာ ၂၀၁၅ ခုနှစ်အထိဖြစ်လင့်ကစား ၎င်းအနေဖြင့် အသင်းပြောင်းရန် ပြင်ဆင်နေပြီဖြစ်သည်။

ဟာဇက်ဒ်အား ပြင်သစ်ကလပ်ပြိုင်ဘက် ပီအက်စ်ဂျီအသင်းကလည်း ကမ်းလှမ်းထားကြောင်း၊ သို့သော် ၎င်းက ပြင်သစ်မြေတွင် မကစားလိုတော့ကြောင်း၊ ပရီမီယာလိဂ် ထိပ်တန်းအသင်းတစ်သင်းသင်းကိုသာ ပြောင်းရွှေ့လိုကြောင်း၊ ယင်း၌ စိန်ခေါ်မှုအသစ်များ တွေ့ကြုံရမည်ဖြစ်သော်လည်း မိမိအနေဖြင့် ရင်ဆိုင်ကျော်လွှားရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ***အင်တာနက်။***

ယ နေ့ သ တ င် း အ ညွှ န် း

### သန်း ၇၀၀၀ မြောက် ကမ္ဘာ့လူသားအဖြစ် မွေးဖွားလာသူအတွက် ကမ္ဘာတစ်ဝန်း အခမ်းအနားကျင်းပ



“သန်း ၇၀၀၀ မြောက် ကမ္ဘာ့လူသားအဖြစ် မွေးဖွားလာသူများတွင် တစ်ဦးအပါအဝင်ဖြစ်သော အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ်မှ နာဂစ် အမည်ရှိ မွေးကင်းစကလေး”

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

### အာမခံလုပ်ငန်းများကို ပုဂ္ဂလိကသို့ ဆောင်ရွက်ခွင့်ပြုရန် အလားအလာများ ရှိနေ

“ပုဂ္ဂလိကကဏ္ဍ မြင့်တင်တဲ့အနေနဲ့ နိုင်ငံတော်က အစိုးရလုပ်ငန်း တော်တော်များများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးနေတဲ့ အနေအထားမှာ အာမခံလုပ်ငန်းလည်း အလားအလာတော့ ရှိနေပါတယ်”

ပြည်တွင်းသတင်း စာမျက်နှာ - ၇